# ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (12-6-2012) (၇၁၄၉)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၁၂**

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် အမည်မသိဆီများ စားသုံးသူ ကျန်းမာရေးထိခိုက်နိုင်

## ပူးပေါင်းတားဆီးပိတ်ပင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေပြီ

**ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး (၄/၂၀၁၂)ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး (၄/၂၀၁၂) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆန်၊ ပဲမျိုးစုံတင်ပို့မှု ကုန်သည်လုပ်ငန်းရှင်များအခက်အခဲတစ်ခုဖြစ်သည့် အပိုကုန်ကျစရိတ်လျှော့ချနိုင်ရေး အထူးလိုအပ်ပါကြောင်း၊ အပိုကုန်ကျစရိတ်ကြီးမြင့်မှုကြောင့် အထွေထွေကုန်စျေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိသကဲ့သို့ ပြည်ပပို့ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကိုလည်း ကျဆင်းစေပါကြောင်း၊ နယ်စပ်မှ ပြည်တွင်းအချို့စျေးကွက်သို့ တရားမဝင် ဝင်ရောက်လာသည့် အမည်မသိဆီများသည် စားသုံးသူပြည်သူများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ကုန်သည်အသင်းအဖွဲ့များ ပူးပေါင်းတားဆီးပိတ်ပင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါစျေးကွက်များရှိ စားအုန်းဆီများကိုလည်း စားသုံးရန် သင့်/မသင့်အား FDA စစ်ဆေးမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပြုလုပ်နေပါကြောင်း၊ စားသုံးသူ ကာကွယ်ရေးဥပဒေ အတည်ပြုသတ်မှတ်ပြီးပါက တရားမဝင် တင်သွင်းသူများအား ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းအခြေခံစားကုန်စျေးနှုန်းများ အနေဖြင့် စျေးနှုန်းတည်ငြိမ်မှုရှိသော်လည်း ဆန်စျေးနှုန်းများ ကျရိပ်ရှိနေသည့်အတွက် တောင်သူများအတွက် သင့်တင့်မျှတသော ဆန်စျေးနှုန်းဖြစ်ပေါ်ရေးအတွက် အရန်ဆန်ဝယ်ယူမှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်တင်ပို့မှုအပိုင်းတွင်လည်း အရည်အသွေးစံချိန်စံညွှန်း ကောင်းရန်နှင့် Value added ထုတ်ကုန်များ တိုးမြှင့်တင်ပို့သွားနိုင်ရေး





**စာမျက်နှာ ၈ ကော်လံ ၆ သို့ ✳**

**ယ နေ့ သ တ င် း အ ညွှ န် း**

### အာရှယူ-၂၂ ခြေစစ်ပွဲဝင်မည့် မြန်မာအသင်း ထိုင်းနိုင်ငံသို့ သွားရောက်ခြေစမ်းမည်



ပြည်တွင်း အားကစား စာမျက်နှာ - ၁၀

### လူသားအရွယ် ရွှံ့စေး စစ်သည်တော်ရုပ်တု ၁၀၀ကျော် တရုတ်နိုင်ငံမြောက်ပိုင်း စီအန်းမြို့၌ တူးဖော်တွေ့ရှိ

နိုင်ငံတကာသတင်း စာမျက်နှာ - ၄



### ဗြိတိန်ဘုရင်မကြီးက ကိတ်ဝင်းစလက်အား စီဘီအီးဘွဲ့ အပ်နှင်းမည်

နိုင်ငံတကာအနုပညာရပ်ဝန်း စာမျက်နှာ - ၇



ကြေးမုံ စာတည်းရှုထောင့် ၁၂-၆-၂၀၁၂[အင်္ဂါနေ့]။

# ကမ္ဘာမြေကို ချစ်ပါ

သက်ရှိ သက်မဲ့တို့အား ကျေးဇူးပြုသူ၊ သက်ရှိသက်မဲ့တို့အပေါ် အနစ်နာခံသူ၊ သက်ရှိသက်မဲ့တို့အား ထာဝရပေးဆပ်သူကို သင်သိပါသလား။ သက်ရှိသက်မဲ့တို့၏ ဘဝရှင်သန်ရပ်တည်နေထိုင်နိုင်မှုပြုသူသည် ဤကမ္ဘာမြေကြီး ဖြစ်ပါသည်။ တစ်နည်းဆိုသော် ကမ္ဘာမြေကြီးသည် ကျွန်ုပ်တို့၏ကျေးဇူးရှင်ဟု ဆိုရမည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာမြေကြီးကို ချစ်ပါ။ ကမ္ဘာမြေကြီးကို မြတ်နိုးပါဟု ဆိုချင်ပါသည်။

ကမ္ဘာမြေသည် လွန်ခဲ့သည့်နှစ်သန်းပေါင်းများစွာကတည်းကပင် သက်ရှိသက်မဲ့တို့၏ အကျိုးကိုထမ်းဆောင်ခဲ့သည်မှာ ငြင်းနိုင်ဖွယ်မရှိပေ။ ပေးဆပ်သူအဖြစ် ထာဝရရပ်တည်လာခဲ့သည်။ ကျွန်ုပ်တို့ ကမ္ဘာမြေကို နင်းချေသည်ကိုလည်း မငြူစူ၊ ကမ္ဘာမြေကို တူးဆွနေသော်လည်း စိတ်မပျက်၊ ကမ္ဘာမြေကို မယုယသော်လည်း မနာကြည်း၊ မည်သို့ပြုပြု ဖျက်ဖျက် စိတ်လက်မပျက်ခဲ့သော ကမ္ဘာမြေသည် နှစ်သန်း ၄၆၅၀ ခန့်ကြာသောအခါ ညည်းညူစပြုသော အရိပ်လက္ခဏာများ တွေ့လာရပြီဖြစ်ပါသည်။

လူတို့သည် ကမ္ဘာမြေကို အပေါ်ယံမှလည်း ခြစ်ယူကြ၏။ အတွင်းလည်း နှိုက်ယူကြ၏။ အတွင်းအနက်ထဲမှလည်း စုပ်ယူကြ၏။ အတိုင်းအဆမရှိ လုပ်ဆောင်မှုများကြောင့် ကမ္ဘာမြေမှာ ညည်းညူလောက်ပါ၏။ ကမ္ဘာမြေကို ယုယမှု၊ ပြုစုမှုမရှိ၍ တုံ့ပြန်မှုများရှိလာသည်ကို ကျွန်ုပ်တို့သတိပြုသင့်ကြပါ၏။ ကမ္ဘာမြေကို စိမ်းလန်းအောင်၊ စိုပြည်အောင်၊ လှပအောင်လုပ်ဆောင်ကြဖို့ အချိန်တန်ပြီ ဖြစ်ပါ၏။

ဘူမိပထဝီအနေအထားအရ ကမ္ဘာမြေကြီးတွင် အပေါ်ယံမြေဆီလွှာ၊ သဲလွှာ၊ ကျောက်လွှာ၊ ရေလွှာများ အထပ်လိုက်ဖွဲ့စည်းထားသည်ဟု မှတ်သားဖူးပါ၏။ အပေါ်ယံမြေလွှာသည် အဖိုးတန်သည့် မြေဆီမြေနှစ်များ ဖြစ်သည်။ ရှေးရှေးကာလ ကမ္ဘာဦးတည်စက သတ္တဝါတို့သည် မြေဆီမြေဩဇာဟူသော ရသပထဝီကို စားသုံးသည်ဟု ကျမ်းဂန်တို့၌ဆိုထားသည်။ ထို့နောက် မြေဆီကုန်သောအခါ မြေလွှာကိုစားသည်ဟုဆို၏။ တစ်ဖန် မြေလွှာကုန်သောအခါ နွယ်ကို စားသုံးကြပြန်၏။ နွယ်ကုန်သောအခါ ဖွဲမကပ်သော သလေးဆန်ကို စားသုံးကြသည်ဟုဆိုထားသည်။

သလေးဆန်သည် ကျောက်ခွက်၌ ထည့်ထားသော် အခိုးအငွေ့ထွက်ပြီး အလိုလိုကျက်၏။ ထိုထမင်းသည် မြတ်လေးပွင့်အဆင်းနှင့်တူ၏။ ထိုထမင်းကို စားသော် နတ်ဩဇာကဲ့သို့ အာဟာရကိုဆောင်၏ဟု ဆိုထားပြန်၏။ ရှေးက မြေဆီဩဇာမှာ မည်မျှတန်ဖိုးရှိကြောင်းကို သိခဲ့ရ၏။ ယင်းမှ နှစ်ပေါင်းထောင်သောင်းချီသောအခါ မြေဆီတို့သည် တစ်စတစ်စ ကုန်ခန်းလျော့ပါးသွားခဲ့ကြသည်။

ကောင်းမွန်သော မြေဆီဖြစ်မှသာ အာဟာရကိုဖြစ်စေပါသည်။ ယနေ့ ကျွန်ုပ်တို့နိုင်ငံ၏ စိုက်ပျိုးမြေများမှာလည်း မြေဆီလွှာများ လျော့ပါးနေ၏။ မိုးခေါင်ရေရှားဒေသများတွင် နွေအခါ လွင်ပြင်ပြောင်ပြောင်များအဖြစ် တစ်မျှော်တစ်ခေါ် တွေ့မြင်နိုင်၏။ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတွင် မြေဆီလွှာခြောက်သွေ့မှုနှင့် အငွေ့ပျံထွက်မှုများနေသည်ကို တိုင်းတာရရှိထားသည်ဟု ဆိုထား၏။ မြေလွှာများမှာ ထိန်းသိမ်းမှုမရှိ၍ ကုန်ခန်းခဲ့ရသည်။ မြေမစိမ်း၍ အထဲတွင် ရေမရှိ၊ ရေမရှိ၍ အငွေ့မပျံ၊ အငွေ့မပျံ၍ မိုးမရွာ၊ မိုးမရွာ၍ အောက်ရေမရှိ သံသရာလည်နေတော့၏။

ထို့ကြောင့် ကျွန်ုပ်တို့မြေကို ကျွန်ုပ်တို့ဝိုင်းဝန်းထိန်းသိမ်းပြုပြင်ဖို့ အရေးတကြီးလိုအပ်လာပါသည်။ အဆိုးသံသရာမလည်ဖို့ ကျွန်ုပ်တို့ စိုက်နိုင် ပျိုးနိုင်အောင် လုပ်ကြဖို့လိုမည်။ အစိုဓာတ်ထိန်းနိုင်သော သစ်ဆွေးမြေ၊ သစ်ရွက်စိမ်းမြေဩဇာများထည့်ကြမည်။ ဝန်းကျင်တွင် အစိုဓာတ်ထိန်းအပင်များ စိုက်ကြမည်။ လယ်ကွင်းယာကွင်းများတွင် ဉာဏ်ပင်၊ ပဲပင်များစိုက်ကြမည်။ ရသည့်မိုးရေကို ထိန်းကြမည်။

ယခု မိုးရာသီရောက်ပြီ၊ ရွာသည့်နေရာရွာ၊ မရွာသည့်နေရာမရွာ။ မိုးရွာလျှင်ဖြင့် ကျွန်ုပ်တို့လူသားအားလုံး ကမ္ဘာမြေစိမ်းလန်းစိုပြည်ဖို့ မိမိတို့ တတ်နိုင်ရာများကို တတ်နိုင်သလောက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ဤကမ္ဘာမြေကို ကျေးဇူးဆပ်ကြမည်။ သို့မှ မိမိတို့လူမှုဝန်းကျင်များလည်း သာယာလှပလာမည်ဖြစ်ပါသည်။ ။



## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပညာသင်ထောက်ပံ့ငွေပေးအပ်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများအတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မေ ၃၀ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကြင်ခိုင်၊ ဒေါ်မြသီဂီနှင့် ဥက္ကဋ္ဌ ဒေါ်သက်သက်ဇင်တို့က ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ရွှေနှင့် အမှတ်(၁) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအေးကြိုင်တို့ထံ အဖွဲ့ချုပ်၏ ပညာသင်ထောက်ပံ့ငွေ ကျပ်သိန်း ၂၀၀ ကို ပေးအပ်လှူဒါန်းကြသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၂-၆-၂၀၁၂ (အင်္ဂါနေ့)

| | |
|---|---|
| ၇း၀၅ | တရားတော် |
| ၈း၁၅ | ဇာတ်လမ်းတို |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄း၃၅ | အင်္ဂလိပ်စာသုတ |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၂၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် ဒုတိယတွဲ (အပိုင်း-၈)** |
| ၆း၂၅ | Guide for You |
| ၆း၃၀ | အောင်မြင်ခြင်းလမ်းမ |
| ၇း၀၀ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်နိမိတ်နှင့် သက်ကယ်ဓား(အပိုင်း-၇)** |
| | -ဟာသရုပ်စုံ |
| | -မွေးမြူသုတ |
| | -တစ်လအတွင်းအကြိုက်ဆုံး ဗွီစီဒီတေးများ |
| | -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | **-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေမင်းကဲ့သို့ထွန်းလင်းသော" (အပိုင်း-၇)** |
| | Mini Series |

## ယာဉ်လိုင်းသစ်များ ထပ်မံတိုးပေးရန် ယုဇနနှင့် တောင်ဒဂုံနေ ပြည်သူများက မျှော်လင့်

ရန်ကုန် ဇွန် ၁၁

အချိန်သည် အလွန်တရာမှ တန်ဖိုးရှိလှပေ၏။ အချိန်ကို မည်သည့်ပစ္စည်းဉစ္စာမျှ ပေး၍ မရနိုင်သလို ကုန်ဆုံးသွားသည့်အချိန်များကိုလည်း ပြန်လည်တမ်းတနေ၍ မရနိုင်ပေ။ အချိန်နှင့်ငွေကို မျှတစွာသုံးစွဲနေရသော ယနေ့မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲဆဲ အချိန်ကာလတစ်ခုတွင် အခြေခံလူတန်းစားများ၏ အရေးပါအရာရောက်မှုများကိုလည်း ပစ်ပယ်ထား၍မရပေ။ သို့ရာတွင် စီးပွားရေးလုပ်ငန်းများ အချက်အချာအကျဆုံး လူဦးရေထူထပ်လှသည့် ရန်ကုန်မြို့၌ အစိုးရဝန်ထမ်းများ အပါအဝင် ကုမ္ပဏီဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ လက်လုပ်လက်စားများ စသည့် အခြေခံလူတန်းစားလွှာများ နေ့စဉ်ရင်ဆိုင်နေရသော ဖြစ်ရပ်တစ်ခုမှာ တိုးချဲ့ရပ်ကွက်များ၊ ရန်ကုန်မြို့တွင်းနှင့် အလှမ်းဝေးသည့် မြို့နယ်များအတွက် ပြေးဆွဲလျက်ရှိသည့် လိုင်းကားအရေအတွက်နှင့် လူဦးရေအရေအတွက် ကိုက်ညီမှုမရှိခြင်းပင် ဖြစ်သည်။ အထူးသဖြင့်ယုဇနဥယျာဉ်မြို့တော်နှင့် တောင်ဒဂုံမြို့နယ်တို့အတွက် ရန်ကုန်မြို့တွင်းနှင့် နေ့စဉ်ပြေးဆွဲပေးနေသည့်လိုင်းကားများ ရှားပါးသည့်ပြဿနာ၊ အောက်ဆိုဒ်ကားခ ဈေးကြီးသည့်ပြဿနာများမှာ အဆိုးဆုံးဖြစ် သည်။ ယုဇနဥယျာဉ်မြို့တော်တွင် ယခင်က ၃၂၊ ၅၆ Aircon Bus လိုင်းများသာရှိသော်လည်း လူဦးရေနည်းပါးသည့်အတွက် များစွာမသိသာခဲ့ပေ။ ယခုအခါ အိမ်ခန်းငှားခသက်သာခြင်း၊ ငှားခအတွက် စပေါ်ငွေ မတင်ရခြင်း၊ အတော်အတန်အဆင်ပြေသော လုံခြုံသပ်ရပ်သည့် တိုက်ခန်းများရှိခြင်း၊ နေထိုင်မှုအဆင်ပြေခြင်း စသည့်ကောင်းမွန်သောအချက်တချို့ကြောင့် ယုဇနတွင် နေထိုင်လာသည့် လူဦးရေမှာ ယခင်ကထက် အဆမတန်များပြားလာနေသဖြင့် ၂၃၂ အထူး၊ ၂၁၄ အထူးယာဉ်လိုင်းများ ထပ်မံ၍ တိုးချဲ့ချထားပေးခဲ့သည်။ သို့သော် ၂၁၄ အထူးယာဉ်လိုင်း ပြေးဆွဲမှုရပ်တန့်သွားပြီး မကြာမီမှာပင် ၂၃၂ အထူးယာဉ်လိုင်းသည်လည်း ရပ်တန့်သွားပေသည်။ ထို့ကြောင့် ယခုအခါ ယုဇနဥယျာဉ်မြို့တော်နှင့် ရန်ကုန်မြို့တွင်း နေ့စဉ်တိုက်ရိုက်ပြေးဆွဲနေသည့် ယာဉ်လိုင်းမှာ ယခင်ကအတိုင်း ၃၂ ယာဉ်လိုင်း တစ်လိုင်းတည်းသာကျန်ရှိတော့သဖြင့် ယုဇနနေ အခြေခံလူတန်းစားပြည်သူ အများစုမှာ များသောအားဖြင့် တစ်ဦးလျှင် ကျပ် ၅၀၀ ပေးနေရသည့် အောက်ဆိုဒ်ကားများကိုသာ အားကိုးနေရပေသည်။ လူဦးရေနှင့် လိုင်းကားအရေအတွက် မမျှသဖြင့် သက်ဆိုင်ရာမှ ယခုအခါ ၃၉ ယာဉ်လိုင်းမှ ၁၀ စီးကို ယခင် ၂၃၂ ယာဉ်လိုင်း ပြေးဆွဲခဲ့သည့် လမ်းကြောင်းအတိုင်း ပြေးဆွဲစေခဲ့သော်လည်း အဆိုပါကားများမှာ ကားတစ်စီးလျှင် သုံးကြောင်းစီသာ ပြေးဆွဲပေးကြောင်း၊ ထို့ကြောင့် ၃၂ ယာဉ်လိုင်း တစ်လိုင်းသာရှိသည်ထက်စာလျှင် ပို၍အဆင်ပြေလာသော်လည်း အမျိုးသမီးများ၊ ကျောင်းသား ကျောင်းသူများ၊ သက်ကြီးရွယ်အိုများအတွက် အောက်ဆိုဒ်ကားများကိုသာ ဆက်လက်အားကိုးနေရကြောင်း၊ ကားကျပ်သည့်အခက်အခဲအပြင် လမ်းပေါ်တွင်သာ အချိန်ကုန်နေကြရသဖြင့် အလုပ်လုပ်ရာတွင် အဆင်မပြေမှုများ မကြာခဏကြုံတွေ့ရလေ့ရှိကြောင်း အိမ်ရာနေထိုင်သူများထံမှ သိရသည်။ ထို့ပြင် တောင်ဒဂုံမြို့နယ်သည်လည်း လက်လုပ်လက်စားများ၊ စက်ရုံလုပ်သားများ၊ နေ့စားလုပ်သားများ အများစုနေထိုင်ကြသော မြို့နယ်ဖြစ်သောကြောင့် နေ့စဉ်သွားလာနေကြရသော လူဦးရေနှင့် ပြေးဆွဲပေးနေသော ယာဉ်စီးရေ မျှတစေရန် ရှိပြီးသား ယာဉ်လိုင်းတွင် ယာဉ်များထပ်တိုးပေးနိုင်ရန်နှင့် ယာဉ်လိုင်းသစ်များ ထပ်မံချထားပေးနိုင်ရန် တောင်ဒဂုံမြို့နယ်တွင်းနေ ပြည်သူများက မျှော်လင့်လျက်ရှိကြပေသည်။ ၁၅၇နှင့် ၃၉ ယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိသော်လည်း ဘုန်းကြီးကျောင်းကွေ့လောက်အထိသာ အဆင်ပြေကြပြီး ၁၀၇၊ ၅၇ စသည့် ရပ်ကွက်နေထိုင်သူများ၊ လှော်ကားလမ်းမကြီး တစ်လျှောက်နေထိုင်သူများအတွက်မူ ယခင်စစ်ကျန်ဗိုက်ပူဘတ်စ်ကားများနှင့် BM ကားများကို အားကိုးနေကြရဆဲပင် ဖြစ်သည်။ မနက်ပိုင်း ရုံးတက်ချိန်နှင့် ညနေပိုင်း ရုံးဆင်းချိန်များတွင် ကားကျပ်သည့်ပြဿနာမှာ အသိသာဆုံးဖြစ်ပြီး အထူးသဖြင့် ကျောင်းသားလူငယ်များအတွက် များစွာအခက်အခဲဖြစ်လျက်ရှိကြောင်း တောင်ဒဂုံမြို့နယ်နေ ပြည်သူများထံမှ သိရှိရသည်။ (၆၈၀)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁ - ၆ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၄၂. ၀၀၀ | ၀. ၀၀၁၁၉ |
| ထိုင်း (ဘတ်) | ၃၁. ၆၄၃၀ | ၀. ၀၃၁၆၀ |
| တရုတ် (ယွမ်) | ၆. ၃၄၆၁၀ | ၀. ၁၅၇၅၈ |
| အိန္ဒိယ(ရူပီး) | ၅၅. ၇၃၂၅ | ၀. ၀၁၇၉၄ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၇၁၄၇ | ၀. ၃၁၅၃၁ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၉၆၀ | ၀. ၇၈၁၄၉ |
| ဂျပန် (ယန်း) | ၇၉. ၅၀၂၂ | ၀. ၀၁၂၅၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၈. ၂၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၉၇၀၈ | ၁. ၂၅၄၅၉ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၃၇၅ | ၁. ၅၅၃၃၉ |

*အင်တာနက်။*



**ရန်ကုန်မြို့ လှိုင်မြို့နယ် ၆မိုင်ခွဲ ရွှေဟင်္သာ(၃)လမ်းနေ ကျေးဇူးရှင်ဖခင် ဦးတန်အာတ်နှင့် မိခင် ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး ဒေါ်ဆင်ဟွာတို့အား ရည်စူး၍ သား ဦးရှိန် (ခေါ်) ဦးကြည်ရှိန် (ဘဏ်ဥပဒေအကြံပေး)၊ သမီး မအေးအေးချို၊ မစန္ဒာချို၊ မသီတာချို၊ မသူဇာလှိုင်ချို မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေ ၁၅၁၁၁၁ ကျပ်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**

(ဘိုးဘွားရိပ်သာ)

## မန္တလေးကုန်စည်ဈေးနှုန်း

၁၁-၆-၂၀၁၂

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၂၈၀၀၀/၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဇီယာ(ဟောင်း) | ၂၁၅၀၀ |
| ဇီယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |
| ရှေ့မင်း(သစ်) | ၁၈၅၀၀/၁၉၀၀၀ |
| ငစိန်(သစ်) | ၁၃၅၀၀/၁၅၀၀၀ |
| ရွှေသွယ်(သစ်) | ၁၄၀၀၀/၁၅၀၀၀ |
| မှော်ဘီ(သစ်) | ၁၆၀၀၀/၁၇၅၀၀ |
| ဆန်ကွဲ | ၁၀၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၅၀၀/၄၂၀၀ |
| နှမ်းဆီ | ၂၈၅၀/၂၉၀၀ |
| ပန်းနှမ်းဆီ | ၂၇၀၀/၂၇၅၀ |
| နေကြာဆီ | ၂၆၀၀ |
| ပဲပုတ်ဆီ | ၁၉၀၀ |
| စားအုန်းဆီ | ၁၈၆၀ |

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၇၁၆၅၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၇၁၄၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၄၂၅၀၀ |

**သကြားဒိုင်ဈေးနှုန်း**

| | |
|---|---|
| ခါသကြား | ၆၂၀/၆၃၀ |
| ပွတ်သား | ၅၀၀/၅၃၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၉၃ ဒသမ ၂၀ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၃၇၀၀/၄၂၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၄၂၀၀/၄၃၀၀ |

(၀၀၂)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော်    ဇွန်    ၁၂**

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော်    ဇွန်    ၁၂**

၂၀၁၂ ခုနှစ် ဇွန် ၁၂ ရက်တွင်ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ် ဒယ်လ် ရိုစာရီယို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၂-၆-၂၀၁၂ (အင်္ဂါနေ့)**

| | |
|---|---|
| ၅း၄၀ | “ခမ္မ(သို့မဟုတ်)အနှိုင်းမဲ့” တရားတော် (ဆရာတော် ဒေါက်တာအရှင်သာဓိန) |
| ၁၀း၀၀ | ခေတ်သစ်ပျိုမေ |
| ၅း၂၀ | Golden Minute |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အဖြူရောင်တိမ်တိုက်လေး” (အပိုင်း-၅၁)** |
| ၇း၃၀ | မယုံနိုင်စရာတကယ့်ကမ္ဘာ |
| ၈း၃၀ | **မြန်မာရုပ်သံဇာတ်လမ်းတွဲ** The Sign Of Love **(အချစ်သင်္ကေတ)(အပိုင်း-၁၄)** |
| ၉း၃၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ဘဝအားမာန်” (အပိုင်း-၆၅)** |
| ၁၀း၂၅ | Sunday Talk (စာရေးဆရာကျော်စောမင်း၊ မျိုးမြတ်သူ) |
| ၁၁း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “ထာဝရချစ်သူ” (အပိုင်း-၅)** |
| ၁၂း၀၅ | World of Knowledge |
| ၁း၃၅ | အမေကပ်တဲ့ဆွမ်းတစ်နပ် (တြိကို၊ ကောင်းစျာန်သစ်၊ မေသန်းနု) (ဒါရိုက်တာ-မောင်မောင်မြင့်) |
| ၂း၅၀ | ရွှေမန်းမြေမှ ရွှေတြိဂံ (သံဘောင် Structure နှင့်ရေအားလျှပ်စစ်တာဘိုင်) |

## သတ္တုတွင်းဝန်ကြီးဌာန ပညာရည်ထူးချွန်ဆုနှင့် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော်    ဇွန်    ၁၁**

သတ္တုတွင်းဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာရည်ထူးချွန်စွာဖြင့် အောင်မြင်သူများ ဆုပေးပွဲနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပွဲ အခမ်းအနားကို ဇွန် ၆ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦးနှင့် လေးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးတို့အား ထူးချွန်ဆုများပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက သုံးဘာသာ၊ နှစ်ဘာသာနှင့် တစ်ဘာသာဂုဏ်ထူးရသူများ၊ လစာနည်းဝန်ထမ်းများ၏ သားသမီးကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်ကြသည်။

ယင်းနောက် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၃၃၆၅၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ဇွန် ၁၁ ရက်က ဖိလစ်ပိုင်နိုင်ငံ၏ (၁၁၄)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညစာစားပွဲအခမ်းအနား တက်ရောက်လာသော ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံ သံအမတ်ကြီး H.E. Maria Hellen B. De La Vega ဆီဒိုးနားဟိုတယ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်သေးအကကို နေအိမ်၌ Home Theatre အသွင်ဖြင့် ဖျော်ဖြေတင်ဆက်

**ရန်ကုန်    ဇွန်    ၁၁**

မြန်မာ့ရုပ်သေးအကကို ယခုအခါ ကြည့်ရှုရန် အခွင့်အလမ်းနည်းပါးလာခဲ့ရာ ထွေးဦးမြန်မာ့ရိုးရာယဉ်ကျေးမှု ရုပ်စုံအဖွဲ့က နေအိမ်၌ Home Theatre အသွင်ဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိသဖြင့် မြန်မာ့ရုပ်သေးအကကို ကြည့်ရှုရန် အခွင့်အရေးရရှိလာပြီဖြစ်သည်။

ယင်းသို့ ကပြဖျော်ဖြေရာတွင် အပျိုတော်အက၊ နတ်ကတော် အက၊ နှစ်ပါးသွားအက၊ မျောက်အက၊ နဂါးအက၊ ဂဠုန်အက၊ သူငယ်တော်အက၊ စသည်တို့ ရုပ်သေးအကဖြင့် ၄၅ မိနစ် ဖျော်ဖြေကြောင်း သိရသည်။



**နိုင်ငံခြားသားခရီးသွားများ မြန်မာ့ရုပ်သေးကြိုးဆွဲအကကို လေ့လာစဉ်။**

ကပြဖျော်ဖြေပွဲကို အလုံမြို့နယ် ရာမလမ်း အမှတ်(၁၂) (ပထမထပ်)၌ သတ်မှတ်အခကြေးငွေပေး၍ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ပြီး နိုင်ငံခြားသားခရီးသွားများက မိသားစုအသွင်ဖြင့် နွေးနွေးထွေးထွေး ကြည့်ရှုရခြင်းကို ပိုမိုနှစ်သက်ကြောင်း သိရသည်။ လာရောက်ကြည့်ရှုသူများအနေဖြင့် ပွဲမစမီနှင့် ပွဲပြီးချိန်များတွင် မြန်မာ့ရုပ်သေးနှင့်ပတ်သက်၍ လေ့လာမေးမြန်းခြင်း၊ ရုပ်သေးရုပ်များကို လေ့လာခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ကိုယ်တိုင်ရုပ်သေးကြိုးဆွဲကာ လေ့လာခြင်း စသည်တို့ကို ရုပ်သေးပညာရှင်များနှင့် ရင်းနှီးခင်မင်စွာ ပြုလုပ်ကြကြောင်းလည်း သိရသည်။

ထို့အပြင် ရုပ်သေးချစ်သူများအား ရုပ်သေးပညာကို အခြေခံမှစ၍ သင်ကြားပေးလျက်ရှိပြီး မိမိတို့၏ ဘိုးဘွား အမွေအနှစ်ရိုးရာရုပ်သေးပညာ၏ အဆင့်အတန်းနှင့် တန်ဖိုးကို နားလည်သဘောပေါက်စေလိုသဖြင့် ကျောင်းများ၊ လူမှုဝန်ထမ်းဌာနများသို့ အခမဲ့လိုက်လံကပြလျက်ရှိကြောင်း သိရသည်။

(လှိုင်မောင်)

## ယာဉ်ကြောပိတ်ဆို့မှုကြောင့် မန္တလေးမြို့ (၆၂)လမ်းအပိုင်း ဖျက်သိမ်း

**မန္တလေး    ဇွန်    ၁၁**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက မြို့ပြသာယာလှပစေရေးအတွက် တည်ဆောက်ခဲ့သော မဟာအောင်မြေမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ် (၆၂)လမ်းနှင့် သိပ္ပံလမ်းဆုံရှိ အပိုင်းမှာ ကျယ်ဝန်းကြီးမားပြီး လမ်းဧရိယာကျဉ်းမြောင်းနေခြင်း၊ တိုးတက်များပြားလာသော ယာဉ်အရေအတွက်၊ ထူထပ်လာသော မြို့သစ်လူဦးရေတို့ကြောင့် အလုပ်သွားချိန်နံနက်ပိုင်း ၇ နာရီမှ ၉ နာရီ၊ အလုပ်ပြန်ချိန် ညနေ ၅ နာရီမှ ည ၇ နာရီအကြားတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သဖြင့် မေ ၂၅ ရက်က (၆၂)လမ်းအပိုင်းအား ဖျက်သိမ်းခဲ့ပြီး**(အောက်ပုံ)** မီးပွိုင့်များ တပ်ဆင်ခဲ့သည်။ (၆၂)လမ်းအပိုင်းသည် မြို့သစ်အဝင်ထိပ်ဖြစ်ခြင်း၊ ပြင်ဦးလွင်သွား လမ်းမကြီးနှင့် ဆက်စပ်နေသဖြင့် ယာဉ်သွားလာမှုများပြားခဲ့ကြောင်း သိရသည်။ (ကိုကို)





## ရွှေဘို၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ လိုင်စင်ပြုလုပ်ပေး

**ရွှေဘို    ဇွန်    ၁၁**

နိုင်ငံတော်မှ လိုင်စင်မဲ့ဆိုင်ကယ်များအား အခွန်အခများ ပေးဆောင်စေ၍ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခြင်း စီမံချက်အရ ရွှေဘိုမြို့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးဝင်းအတွင်းတွင် ဇွန် ၅ ရက်နေ့မှစတင်ကာ ယာဉ်များ မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိသည်။**(အပေါ်ပုံ)**

ထိုသို့ ယာဉ်လိုင်စင်ပြုလုပ်ရာတွင် မိမိပြုလုပ်မည့် မော်တော်ဆိုင်ကယ်နှင့်တကွ ပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူနှစ်စောင် ယူလာရန် လိုအပ်ပြီး ပေးသွင်းရန် အခကြေးငွေများမှာ အကောက်ခွန်အတွက် သတ်မှတ်ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်း၊ ကုန်သွယ်ခွန်အတွက် သတ်မှတ်ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်း၊ အာမခံပရီမီယံကြေး ငွေကျပ် ၂၅၅၀၊ ယာဉ်မှတ်ပုံတင်ကြေး ငွေကျပ် ၂၂၀၀၀ သာ နိုင်ငံတော်သို့ ပေးသွင်းရမည်ဖြစ်သည်။ ယခု ပြီးခဲ့သည့် သောကြာနေ့အထိ ယာဉ်အစီးရေ ၃၄၃ စီး လိုင်စင်ပြုလုပ်ပေးခဲ့ပြီး အောက်တိုဘာ ၄ ရက်အထိ ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ (၅၇၂)

## လယ်ယာလုပ်ငန်းမှအပြန် မိုးကြိုးပစ်ခံရ၍ သေဆုံး

**ညောင်လေးပင်    ဇွန်    ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် ရေဖြူကန် ကျေးရွာအုပ်စု ရဲလှကုန်းကျေးရွာနေ ဦးကျော်ဦး အသက်(၃၉)နှစ်သည် မေ ၃၁ ရက်က လယ်ယာလုပ်ငန်းများ ဆောင်ရွက်ပြီး၍ ပြန်လာရာ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် မိုးထစ်ချုန်းရွာသွန်း၍ မိုးကြိုးပစ်ခံရပြီး နေရာတွင်ပင် သေဆုံးသွားသည်။

သေဆုံးသူဦးကျော်ဦးနှင့်အတူ တစ်ရွာတည်းနေ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ ဦးလှကြည်နှင့် ဒေါ်မိုးမိုးတို့နှစ်ဦးမှ ဦးလှကြည်မှာ မိုးကြိုးထိမှန်၍ သတိလစ်မေ့သွားခဲ့ကြောင်း သိရသည်။

(၅၆၈)

## ဥတုရာသီ တောကိုမှီ၏

## ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံထောက်ပံ့ပေးအပ်

**ဖျာပုံ    ဇွန်    ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် မြို့မစည်ပင်သာယာဈေး ပျံကျဈေးသည်များ၏ သားသမီးများအား ကျောင်းဝတ်စုံပေးအပ်ခြင်းကို အဖွဲ့ပိုင်အစည်းအဝေးခန်းမ၌ ဇွန် ၉ ရက်က ကျင်းပရာ အသေးစား ငွေကြေးဝန်ဆောင်မှုအဖွဲ့အစည်း (Microfinance Institution) ကော်မတီဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ဈေးတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်စိုး၊ ဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပျံကျဈေးသည် မိဘများနှင့် သားသမီးများ တက်ရောက်ကြသည်။

အဆိုပါပေးအပ်ပွဲ အခမ်းအနားတွင် ပျံကျဈေးသည် ၅၁ ဦး၏ သားသမီးများအတွက် ကျောင်းဝတ်စုံ ၇၆ စုံကို တက်ရောက်လာသောမိဘများနှင့် ကျောင်းသားကျောင်းသူများအား အသေးစားငွေကြေးဝန်ဆောင်မှုကော်မတီဥက္ကဋ္ဌ အမှုဆောင်အရာရှိ ဦးမြင့်မောင်က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။**(အောက်ပုံ)**

(၅၄၀)





အိန္ဒိယနှင့် ပါကစ္စတန်နယ်စပ်ရှိ ကမ္ဘာ့အမြင့်ဆုံး စစ်မြေပြင် ဆီယာချန် ရေခဲပြင်ဒေသ၌ ပါကစ္စတန် တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

# ဆီယာချန်ရေခဲပြင် အငြင်းပွားမှု အိန္ဒိယနှင့် ပါကစ္စတန် တွေ့ဆုံဆွေးနွေး

ရာဝါပင်ဒီ ဇွန် ၁၁

**ကမ္ဘာ့အမြင့်ဆုံးစစ်မျက်နှာပြင်ဟူ၍ တင်စားခေါ်ဝေါ်ခြင်းခံရသော ဆီယာချန်ရေခဲပြင်နှင့်ပတ်သက်၍ ဖြစ်ပေါ်နေသော အငြင်းပွားမှုများ အဆုံးသတ်စေရန်ရည်ရွယ်လျက် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့မှ ကာကွယ်ရေးတာဝန်ရှိသူများသည် ဇွန် ၁၁ ရက်က တွေ့ဆုံဆွေးနွေးကြကြောင်း ပါကစ္စတန်သတင်းဌာနများက ဇွန် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။**

ဆီယာချန်ရေခဲပြင်ဒေသကို စစ်မဲ့ဇုန်အဖြစ် သတ်မှတ်သင့်ကြောင်း၊ ယင်းဒေသနှင့်ပတ်သက်၍ ဆယ်စုနှစ်ပေါင်းများစွာကြာမျှ ဖြစ်ပေါ်လာခဲ့သော အငြင်းပွားမှုကို အဆုံးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဖြေရှင်းသွားမည်ဖြစ်ကြောင်း ပါကစ္စတန်ကြည်းတပ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးအရှက်ကာယာနီက ပြောကြားသည်။

ဆီယာချန်ရေခဲပြင်ဒေသ၌ ဧပြီ ၇ ရက်က ဆီးနှင်းတောင်ပြိုကျမှုဖြစ်ပွားခဲ့ရာ ပါကစ္စတန်ကြည်းတပ်စစ်စခန်းတစ်ခုရှိ လူ ၁၄၀ သေဆုံးခဲ့ရသည်။

အိန္ဒိယနှင့် ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာနများမှ တာဝန်ရှိသူများသည် ပါကစ္စတန်နိုင်ငံ ရာဝါပင်ဒီမြို့ရှိ ပါကစ္စတန်ကာကွယ်ရေးဝန်ကြီးဌာန၌ နှစ်ရက်ကြာဆွေးနွေးပွဲကို ဇွန် ၁၁ ရက်တွင် စတင်ခဲ့သည်။

နျူကလီးယားလက်နက်ပိုင်ဆိုင်ကြသော ပြိုင်ဘက်နှစ်နိုင်ငံဖြစ်သည့် အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံအကြား ၁၃ ကြိမ်မြောက် ဆွေးနွေးပွဲပြုလုပ်ခြင်းဖြစ်သည်။ ယခင်ပြုလုပ်ခဲ့သော ဆွေးနွေးပွဲ၌ ထူးခြားသော သဘောတူညီချက်များ မရရှိခဲ့ပေ။

**အင်တာနက်။**

# ပါချင်ကိုသူလျှိုလုပ်ရန် အိုင်အေအီးအေ တောင်းဆိုခြင်းဖြစ်သည်ဟု အီရန်စွပ်စွဲ

**တီဟီရန် ဇွန် ၁၁**

ကုလသမဂ္ဂနျူကလီးယားစစ်ဆေးရေးအဖွဲ့၏ အဖွဲ့ဝင်များသည် အနောက်အုပ်စု၏ သူလျှိုများဖြစ်ကြသည်ဟု အီရန်အစိုးရက စွပ်စွဲပြောကြားလိုက်ပြီး ၎င်းတို့အား တီဟီရန်၏ ပါချင်စစ်ဒေသသို့ ဝင်ရောက်ခြင်းကို ခွင့်ပြုမည်မဟုတ်ကြောင်း တနင်္လာနေ့တွင် ပြောကြားသည်။

အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများသည် နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ)မှ ကိုယ်စားလှယ်များကို ပါချင်စစ်ဒေသသို့စေလွှတ်၍ အီရန်နိုင်ငံ၏ စစ်ရေးလျှို့ဝှက်ချက်များကို ရယူရန် ကြိုးစားနေကြကြောင်း အီရန်လွှတ်တော်အမတ် အီဗက်ဇ်ဟိုင်ဒါပါက အီရန်မီဒီယာများကို ပြောကြားခဲ့သည်။

ပါချင်စက်မှုလုပ်ငန်းများသည် နျူကလီးယားမဟုတ်သော စစ်ဘက်စက်မှုလုပ်ငန်းများ ဖြစ်ကြောင်း၊ စစ်ရေးနည်းပညာများကို စုံစမ်းထောက်လှမ်းမည့် အနောက်အုပ်စု သူလျှိုများကို ဝင်ခွင့်ပြုမည်မဟုတ်ကြောင်း ဟိုင်ဒါပါကပြောကြားမှုကို အီရန်တိုင်း(မ်)သတင်းစာက ဖော်ပြထားသည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပရန်စီစဉ်ထားသည့် အီရန်နိုင်ငံနှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ရုရှား၊ တရုတ်၊ ဗြိတိန်နှင့် ဂျာမနီတို့အကြား တွေ့ဆုံဆွေးနွေးပွဲမတိုင်မီ ပါချင်ဒေသသို့ သွားရောက်ခွင့်ပြုရန် အိုင်အေအီးအေက အလေးအနက်တောင်းဆိုလျက်ရှိသည်။

ပေါက်ကွဲမှုကြီးမားသော စမ်းသပ်မှုများကို လုပ်ဆောင်ရန်အတွက် ပါချင်ဒေသတွင် အထူးတင်းကျပ်ထားသော မြေအောက်ခန်းတစ်ခု ထည့်သွင်းတည်ဆောက်ထားသည်ဟု ယုံကြည်ကြောင်း ယမန်နှစ် အိုင်အေအီးအေ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

**အင်တာနက်။**

# ဘောလ်တစ်ပင်လယ်ကြမ်းပြင်ပေါ်မှ စစ်လေယာဉ်ပျက်ကိုဆယ်ယူမည်

**ဘာလင် ဇွန် ၁၁**

ဘောလ်တစ်ပင်လယ်ကြမ်းပြင်ပေါ်ရှိ ဗုံးကြဲလေယာဉ်ပျက်တစ်စင်းကို ဆယ်ယူနိုင်ရန် ဂျာမနီနိုင်ငံရှိ စစ်ဘက်ဆိုင်ရာ ပြတိုက်တစ်ခုက ပြင်ဆင်ဆောင်ရွက်လျက် ရှိကြောင်း ဂျာမန်သတင်းစာများက ဇွန် ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

ပင်လယ်ကြမ်းပြင်ပေါ် လဲလျောင်းနေသော အဆိုပါ ဗုံးကြဲလေယာဉ်ပျက်မှာ စတူကာအမျိုးအစား ဗုံးကြဲလေယာဉ်တစ်စင်းဖြစ်ပြီး တစ်ချိန်တစ်ခါက နာဇီတပ်ဖွဲ့က အသုံးပြုခဲ့သော လေယာဉ်ဖြစ်သည်။

အဆိုပါလေယာဉ်ပျက်ကို ၁၉၉၀ပြည့်လွန်နှစ်များတွင် ရေလုပ်သားများက စတင်တွေ့ရှိခဲ့သည်။ ငါးဖမ်းပိုက်တစ်ခုတွင် လေယာဉ်ပျက်၏ အစိတ်အပိုင်းတစ်ခုငြိကပ်ပါလာရာမှ လေယာဉ်ပျက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဂျာမန် စစ်သမိုင်းပြတိုက်မှတာဝန်ရှိသူများသည် ပင်လယ်ကြမ်းပြင်၌ရှိနေသော စစ်လေယာဉ်ပျက်ကို ဆယ်ယူနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလေယာဉ်ပျက်ကို ဆယ်ယူပြီးနောက် ဘာလင်မြို့ရှိ ယင်းပြတိုက်၌ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

**အင်တာနက်။**

# လူသားအရွယ် ရွှံ့စေးစစ်သည်တော်ရုပ်တု ၁၀၀ ကျော် တရုတ်နိုင်ငံမြောက်ပိုင်း စီအန်းမြို့၌ တူးဖော်တွေ့ရှိ

စီအန်း ဇွန် ၁၁

**တရုတ်ရှေးဟောင်းသုတေသနပညာရှင်များသည် မြေအောက်တွင် ရာစုနှစ်ပေါင်းများစွာ မြှုပ်နှံထားသည့် ရွှံ့စေးစစ်သည်တော်ရုပ်တု ၁၀၀ ကျော်ကို တူးဖော်တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။**

ယင်းရုပ်တုများသည် တရုတ်နိုင်ငံ၏ ပထမဆုံးဧကရာဇ်ဘုရင်၏ ဂူဗိမာန်အား စောင့်ကြပ်ရန်အတွက် ထုလုပ်ခဲ့သော စစ်သည်တော်ရုပ်များဖြစ်သည်။

တရုတ်နိုင်ငံမြောက်ပိုင်း စီအန်းမြို့ရှိ ကွင်ဧကရာဇ်ဂူဗိမာန်အနီးတွင် တရုတ်ရှေးဟောင်းသုတေသနပညာရှင်များက သုံးနှစ်ကျော်ကြာ တူးဖော်မှုပြုလုပ်ရာမှ သက်ရှိလူသားအရွယ်အစားရှိ ရွှံ့စေးစစ်သည်တော်ရုပ်တု ၁၁၀ ကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

၎င်းအပြင် မြေသားဖြင့်ပြုလုပ်ထားသည့် မြင်းရုပ် ၁၂ခု၊ နှစ်ဘီးတပ် စစ်ရထားအစိတ်အပိုင်းများ၊ စစ်လက်နက်များနှင့် ကိရိယာတန်ဆာပလာများကိုလည်း တူးဖော်တွေ့ရှိခဲ့သည်။

ဧရိယာစတုရန်းမီတာ ၂၀၀ (၂၁၅၂ စတုရန်းပေ)ရှိ တူးဖော်ရေးလုပ်ငန်းခွင်အတွင်း၌ ယင်းရွှံ့စေးစစ်သည်တော်ရုပ်တုများကိုတွေ့ရှိရကြောင်း ကွင်ရှီဟောင်း ရွှံ့စေးစစ်သည်တော်နှင့် မြင်းရုပ်များပြတိုက်မှ တာဝန်ရှိသူတစ်ဦးက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ယင်းရွှံ့စေးစစ်သည်တော်ရုပ်တုများ တူးဖော်တွေ့ရှိမှုသည် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုကဏ္ဍတွင် နောက်ဆုံးရှာဖွေတွေ့ရှိမှုလည်းဖြစ်သည်။

**ရေတွင်းတူးဖော်ရာမှတွေ့ရှိ**

ရှေးဟောင်းရွှံ့စေးစစ်သည်တော်ရုပ်တုများကို ၁၉၇၄ ခုနှစ်တွင် တရုတ်လယ်သမားများက ရေတွင်းတူးဖော်ရာမှ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းတွေ့ရှိမှုသည် ခေတ်သစ်ကမ္ဘာ၌ ကြီးကျယ်သော ရှေးဟောင်းသုတေသနဆိုင်ရာတွေ့ရှိမှုကြီးတစ်ခုအဖြစ် မှတ်ယူနိုင်သည်။

ယင်းရုပ်တုများ တွေ့ရှိရာဒေသကို ၁၉၈၇ ခုနှစ်တွင် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်ခဲ့သည်။

**အင်တာနက်။**



တရုတ်နိုင်ငံ စီအန်းမြို့၌ ရွှံ့စေး စစ်သည်တော်ရုပ်တုများနှင့် မြင်းရုပ်များကို တူးဖော် တွေ့ရှိရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

# နျူကလီးယားအင်ဂျင်နီယာများအတွက် လေ့ကျင့်ရေးသင်တန်း ဂျပန်နိုင်ငံ၌ ဖွင့်လှစ်

**တိုကျို ဇွန် ၁၁**

နျူကလီးယားအင်ဂျင်နီယာများနှင့် သုတေသီများအတွက် လေ့ကျင့်ရေးသင်တန်းကို နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ)က ဂျပန်နိုင်ငံ၌ ဖွင့်လှစ်လိုက်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ဇွန် ၁၁ ရက်တွင် ပြောကြားကြသည်။



**ဂျပန်နျူကလီးယား အင်ဂျင်နီယာများလုပ်ငန်းခွင်ဝင်နေကြ သည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

အဆိုပါ လေ့ကျင့်ရေးသင်တန်းသို့ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများမှ နျူကလီးယားအင်ဂျင်နီယာနှင့် သုတေသီ ၄၀ ခန့် တက်ရောက်ကြသည်။

အိုင်အေအီးအေက အလားတူလေ့ကျင့်ရေးသင်တန်းကို ဂျပန်နိုင်ငံ၌ဖွင့်လှစ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ရက်သတ္တသုံးပတ်ခန့်ကြာမြင့်သည့် လေ့ကျင့်ရေးလုပ်ငန်းတွင် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရေးနှင့် နျူကလီးယားလောင်စာ ထုတ်လုပ်ရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များက ဟောပြောပို့ချပေးမည်ဖြစ်သည်။

**သုံးသပ်ဆွေးနွေး**

ဂျပန်နိုင်ငံရှိ ဖူကူရှီးမားဒိုင်အိချိ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံ၌ တွေ့ကြုံခဲ့ရသော သဘာဝကပ်ဘေးဆိုက်ရောက်မှုဆိုင်ရာ လေ့လာတွေ့ရှိချက်များနှင့်ပတ်သက်၍လည်း ပညာရှင်များက သုံးသပ်ဆွေးနွေးမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**အင်တာနက်။**



# အင်ဒိုနီးရှားတွင် လာမည့် ၁၀ နှစ်ကျော်အတွင်း လေဆိပ်သစ် ၄၅ ခုတည်ဆောက်သွားမည်

**ဂျကာတာ ဇွန် ၁၁**

အင်ဒိုနီးရှားနိုင်ငံ၏ မြို့ပြလေကြောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် လာမည့် ၁၀ နှစ်ကျော်ကာလအတွင်း လေဆိပ်သစ် ၄၅ ခုကို တည်ဆောက်ရန် ပို့ဆောင်ရေးဝန်ကြီးဌာနက ပြင်ဆင်နေကြောင်း အင်ဒိုနီးရှား အထက်တန်းအရာရှိတစ်ဦးက ပြောကြားသည်ဟု ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၁ ရက်တွင် ဖော်ပြသည်။

လေဆိပ်တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများ လုပ်ဆောင်ရခြင်းမှာ လေကြောင်းပို့သန်းရေးလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်တိုးချဲ့ပို့သန်းနိုင်ခြင်းဖြင့် ခရီးသည်ဦးရေနှင့် လေယာဉ်စင်းရေ တိုးချဲ့သွားနိုင်မည်ဟု အင်ဒိုနီးရှားလေကြောင်းပို့ဆောင်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ယင်းလုပ်ငန်း၏ ပထမအဆင့်အနေဖြင့် ၂၀၁၇ ခုနှစ်အထိ လေယာဉ်ကွင်းသစ် ၂၄ ကွင်းကိုတည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၂ ခုနှစ်အထိ ကျန်လေယာဉ်ကွင်းသစ်အားလုံးကို တည်ဆောက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ပထမအဆင့်အနေဖြင့် ယမန်နှစ်တွင် လုပ်ငန်းများစတင်ခဲ့ပြီး လေယာဉ်ကွင်းရှစ်ကွင်း၏ စွမ်းဆောင်မှုကောင်းများကို အောင်မြင်စွာရရှိခဲ့ကြောင်း၊ ယင်းလေယာဉ်ကွင်းရှစ်ကွင်းမှာ ပြေးလမ်းအရှည်မီတာ ၉၀၀ မှ ၁၂၀၀ အကြားနှင့် အနံမီတာ ၃၀၀ စီ ကျယ်ဝန်းကြောင်း၊ အေတီအာ-၄၂၊ အေတီအာ-၇၂နှင့် ဒီအိပ်ချ်စီ-၇၊ ကာဆာစီ-၂၁၂ နှင့် စီ-၁၃၀ ဟာကျူလီလေယာဉ်များ ဆင်းသက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

လေယာဉ်ကွင်းသစ်တစ်ကွင်းတည်ဆောက်ရေးအတွက် အင်ဒိုနီးရှားရူပီးယားငွေ ဘီလီယံ ၂၀၀(အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၂ သန်း)လိုအပ်ပြီး အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာနမှ ယခုနှစ်တွင် လေဆိပ်အခြေခံအဆောက်အအုံများ တည်ဆောက်ရေးအတွက် အင်ဒိုနီးရှားရူပီးယားငွေ သုံးထရီလီယံ ကျခံသုံးစွဲမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြထားသည်။ **အင်တာနက်။**

# ပါကစ္စတန်၌ ကစားစရာအရုပ်အတွင်း ထည့်သွင်းထားသည့် ဗုံးပေါက်ကွဲ

**ပက်ရှဝါ ဇွန် ၁၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ တနင်္လာနေ့က ကစားစရာအရုပ်တစ်ရုပ်အတွင်း ထည့်သွင်းထားသည့်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အမျိုးသမီးတစ်ဦးသေဆုံး၍ ကလေး ငယ် သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံးသူကလေးငယ်များသည် ဗုံးထည့်သွင်းထားသော ကစားစရာအရုပ်ကို ကောက်ယူဆော့ကစားစဉ်အတွင်း ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုတွင် ပက်ရှဝါမြို့တော် ဆင်ခြေဖုံးရှိ နက်ဆာဘက်ဂ်ဒေသ၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ယင်းဒေသတွင် တာလီဘန်၊ အယ်လ်ခိုင်ဒါများနှင့် ဆက်နွယ်သောစစ်သွေးကြွများ ခိုလှုံနေကြောင်း အမေရိကန်တာဝန်ရှိသူများက ယူဆထားသည်။

မိန်းကလေးတစ်ဦးနှင့် ယောကျ်ားလေးနှစ်ဦးအပါအဝင် ကလေးများသည် ဗုံးထည့်သွင်းထားသော ဘောလုံးတစ်လုံးကို အိမ်သို့ယူလာ၍ ဆော့ကစားနေစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မိခင်ဖြစ်သူ သေဆုံးပြီး ကလေးများ ဒဏ်ရာရခဲ့ကြောင်း ဒေသန္တရရဲတပ်ဖွဲ့က ပြောကြားသည်။

၂၀၀၇ ခုနှစ် ဇူလိုင်လမှစ၍ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် တာလီဘန်များဦးဆောင်သော စစ်သွေးကြွများ စုစည်းခိုလှုံခဲ့ပြီး အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်ဖွဲ့ထားသော ပါကစ္စတန်အစိုးရအဖွဲ့အား ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။

လွန်ခဲ့သည့် ငါးနှစ်တာ ကာလအတွင်း တာလီဘန်ဗုံးခွဲသမားများလုပ်ဆောင်ခဲ့သော တိုက်ခိုက်မှုများကြောင့် ပါကစ္စတန်နိုင်ငံသား ငါးထောင်ကျော် သေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာန၏ စာရင်းပြုစုချက်အရ သိရသည်။

**အင်တာနက်**

# အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် နည်းလမ်းရှာဖွေရေး အစ္စရေးနှင့် ပါလက်စတိုင်း ဆွေးနွေး

ရာမာလာ ဇွန် ၁၁

**သုံးနှစ်ကြာမျှ မတင်မကျဖြစ်နေခဲ့သော အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖော်ဆောင်ရန် ကြိုးပမ်းမှုများကို အပြီးသတ်ဆောင်ရွက်နိုင်ရန် အစ္စရေးနှင့် ပါလက်စတိုင်း ခေ့စပ်ညှိနှိုင်းရေးမှူးများသည် မကြာသေးမီ သီတင်းပတ်အတွင်း တိတ်တဆိတ်တွေ့ဆုံ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြကြောင်း ဇွန် ၁၀ ရက် သတင်းများတွင် အတည်ပြုဖော်ပြထားသည်။**

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် နည်းလမ်းတစ်ရပ်ရှာဖွေရေးကို အခြေခံထား၍ ပါလက်စတိုင်းခေ့စပ်ညှိနှိုင်းရေးမှူး ဆာအိဒ်အီရေကတ်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု၏ ကိုယ်စားလှယ် ယစ်ဇ်ဟက်ခ် မော်လ်ကိုတို့က ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးညှိနှိုင်းမှုများအရ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ် အတွက် တရားဝင်ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် နည်းလမ်းတစ်ရပ် ရှာဖွေသွားရေးအတွက် မျှော်လင့်ချက် အရိပ်အယောင်များ ပေါ်ထွက်လာခဲ့ကြောင်း အစ္စရေးနှင့် ပါလက်စတိုင်း နှစ်ဖက်တာဝန်ရှိသူများ ကပြောကြားခဲ့သည်။

၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် ပျက်ပြားခဲ့ရသောအရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ယနေ့အချိန်အထိ ပြန်လည်စတင်နိုင်ခြင်းမရှိသေးပေ။

ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးအတွက် အနောက်ဘက်ကမ်းဒေသနှင့် အရှေ့ဂျေရုဆလင်တို့၌ အစ္စရေးနိုင်ငံက ရပ်ဟူဒီ အခြေစိုက်အိမ်ရာများ တည်ဆောက်နေမှုကို ဦးစွာရပ်တန့်ပေးရမည်ဖြစ်ကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားထားသည်။

အစ္စရေးနိုင်ငံက လက်ရှိသိမ်းပိုက်ထားသော ယင်းဒေသများအား အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်၌ ပါဝင်ရမည့် ဒေသများအဖြစ် ပါလက်စတိုင်းတို့က တောင်းဆိုထားသည်။ ယင်းအပြင် ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးစစ်ပွဲမတိုင်မီ နယ်နိမိတ်သတ်မှတ်ချက်ကို အစ္စရေးနိုင်ငံက လက်ခံရန်လည်း ပါလက်စတိုင်း တာဝန်ရှိသူများက လိုလားသည်။

သို့ရာတွင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများအားကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်များမပါဘဲ ကျင်းပသင့်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ပြောကြားခဲ့သည်။

***အင်တာနက်။***





# အာဖဂန်နစ္စတန်၌ မြေပြိုမှုများနှင့် ငလျင်လှုပ်ခတ်မှုများကြောင့် လူ ၁၀၀ ကျော်မျှ သေဆုံးခဲ့ဟုဆို

ကဘူး ဇွန် ၁၁

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း၌ တနလ်ာနေ့က မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့မှုကြောင့် လူနေအိမ် အလုံး ၂၀ မြေကြီးများ ဖုံးလွှမ်းခံခဲ့ရကာ လူ ၁၀၀ ကျော်မျှ သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘက်ဂ်လန်ပြည်နယ်၌ ဖြစ်ပွားခဲ့သော မြေပြိုမှုအတွင်း အဆောက်အအုံအပျက်အစီးများအောက်မှ အမျိုးသမီးနှစ်ဦး၏ ရုပ်အလောင်းကို ကယ်ဆယ်ရေးသမားများက ရှာဖွေတွေ့ရှိခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိသူများက ပြောကြားသည်။

အလားတူ ယင်းပြည်နယ်အတွင်းရှိ ခရိုင်ငါးခရိုင်၌ မြေပြိုမှုများကြောင့် လူနေအိမ်များ ပျက်စီးခဲ့ပြီး အသေအပျောက်ရှိခဲ့ကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

ဘက်ဂ်လန်ပြည်နယ်ရှိ တောင်ကုန်းတောင်တန်းထူထပ်သောဒေသရှိ ဆာယီဟာဇရာအမည်ရှိကျေးရွာ၌ ရွံ့နွံနှင့် ကျောက်ကုန်းကျောက်ခဲများ ပြိုဆင်းခဲ့ရာ လူနေအိမ်အများအပြားကို ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။

ဒေသခံများ၏ အဆိုအရ လူနေအိမ် ၂၅ လုံးမှာ အလုံး ၃၀ အထိ မြေအောက်နစ်မြုပ်ခဲ့ရကြောင်း ပြည်နယ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းအပြင် ဟိန္ဒူကွတ်ရှ်တောင်တန်းဒေသ၌ ဇွန် ၁၁ ရက်က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းမြေငလျင်တစ်ခုနှင့် နောက်ဆက်တွဲ ရစ်ချ်တာစကေး ၅ ဒသမ ၇ အဆင့်ရှိ ငလျင်များလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ဘူမိတိုင်းတာရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ယင်းငလျင်နှစ်ခုလုံး၏ ရိုက်ခတ်မှုကို အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်အထိ ခံစားခဲ့ရကြောင်း တွေ့ရသည်။

ဘက်ဂ်လန်ပြည်နယ် ဘာကာခရိုင် ရွာစုတစ်ခု၌ မြေပြိုမှုများဖြစ်ပေါ်ခဲ့ပြီးနောက် အသက်ရှင်ကျန်ရစ်သူမှာ အနည်းငယ်မျှသာ ရှိကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကူညီရန် ဒေသခံအာဏာပိုင်များနှင့် အတူလက်တွဲဆောင်ရွက်လျက်ရှိကြောင်း ကုလသမဂ္ဂ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သို့ရာတွင် အသေးစိတ်ကို ထုတ်ဖော်ခဲ့ခြင်းမရှိပေ။

***အင်တာနက်။***



**လျှင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ အာဖဂန်နစ္စတန်နိုင်ငံ ဟိန္ဒူကွတ်ရှ်တောင်တန်းဒေသ။**

# သမိုင်းဝင်ခရီးစဉ်စတင်မည့် တရုတ်ရေအောက်ဆင်းယာဉ် မာရီယာနာချောက် သတ်မှတ်ရေပြင်အတွင်း ရောက်ရှိခဲ့



**ပစိဖိတ်သမုဒ္ဒရာ မာရီယာနာ ချောက်ဒေသအတွင်း ရောက်ရှိနေသော တရုတ်ရေအောက် ဆင်းယာဉ် ကျိုလဲန်းကို ပြင်ဆင်မှုများ ပြုလုပ်နေစဉ်။**

ပေကျင်း ဇွန် ၁၁

တရုတ်နိုင်ငံ၏ သမိုင်းဝင်ရေအောက်ခရီးစဉ်ကို ထွက်ခွာမည့် ကျိုလဲန်းအမည်ရှိ ရေအောက်ဆင်းယာဉ်သည် ပစိဖိတ်သမုဒ္ဒရာ မာရီယာနာချောက်နက်ဒေသ သတ်မှတ်ရေပြင်အတွင်းသို့ တနလ်ာနေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

ကျိုလဲန်းရေအောက်ဆင်းယာဉ်သည် မာရီယာနာချောက် ရေအောက်အနက် မီတာ ၇၀၀၀ အထိ ဆင်းသက်မည်ဖြစ်ရာ ယင်းခရီးစဉ်အောင်မြင်ပါက တရုတ်နိုင်ငံအတွက် သိပ္ပံနည်းပညာဆိုင်ရာ အောင်မြင်မှုမှတ်တိုင်တစ်ရပ်ဖြစ်လာနိုင်မည်ဖြစ်သည်။

တရုတ်ဒဏ္ဍာရီလာ ရေနဂါးတစ်ကောင်ကို အစွဲပြုအမည်ပေးထားသော ကျိုလဲန်းရေအောက်ဆင်းယာဉ်သည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက ပစိဖိတ်သမုဒ္ဒရာရေအောက်အနက် ၅၁၈၈ မီတာအထိ ဆင်းသက်ခဲ့ရာ ယင်းသမုဒ္ဒရာကြမ်းပြင်မှ သဘာဝ သယံဇာတ အများစုအား တရုတ်နိုင်ငံအနေဖြင့် လက်လှမ်းမီနေပြီဖြစ်ကြောင်း တွက်ဆနိုင်သည်။

ယခုစံချိန်တင်ရေအောက်ခရီးစဉ်အတွင်း ကျိုလဲန်းရေအောက်ဆင်းယာဉ်သည် ဆင်းသက်မှုခြောက်ကြိမ်ပြုလုပ်မည်ဖြစ်ရာ တစ်ကြိမ်ထက်တစ်ကြိမ် ရေအနက်တိုးမြင့်ဆင်းသက်မည်ဖြစ်ပြီး ဆင်းသက်မှုတစ်ကြိမ်လျှင် ၈ နာရီမှ ၁၂ နာရီအထိ ကြာမြင့်မည်ဖြစ်သည်။

ကျိုလဲန်းရေအောက်ဆင်းယာဉ်ဖြင့် ရေအောက်သက်ရှိတို့၏ နမူနာများအားစုဆောင်းရယူခြင်း၊ ရေအောက်ကြမ်းပြင်၏ ဘူမိဖွဲ့စည်းပုံကို လေ့လာခြင်းစသည့် သိပ္ပံသုတေသနလုပ်ငန်းများ လုပ်ဆောင်နိုင်မည် ဖြစ်သည်။

မာရီယာနာချောက်ရေအောက်ခရီးစဉ် အောင်မြင်ပါက ကျိုလဲန်းရေအောက်ဆင်းယာဉ်ကို သိပ္ပံပညာရှင်များလက်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရေနက်လေ့လာရေး အစီအစဉ်များကို သိပ္ပံနှင့်နည်းပညာ သုတေသန၊ စွန့်စားရှာဖွေမှုနှင့် သယံဇာတအရင်းအမြစ်သစ်များ ဖော်ထုတ်နိုင်ရေးတို့အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားထားသည်။ ***အင်တာနက်။***

# တရုတ်နိုင်ငံ ဝူဟန်မြို့၌ ထူးဆန်းသော မြူနှင်းထုကြီး ဖုံးလွှမ်းခဲ့

ဝူဟန် ဇွန် ၁၁

တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တော်ကို ဇွန် ၁၁ ရက်တွင် ထူထဲသည့် မြူနှင်းထုကြီး ဖုံးလွှမ်းခဲ့ရာ မြို့တော်တွင် နေထိုင်သူ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ မိမိတို့အိမ်တွင်း၌သာ နေထိုင်ကြရန် အကြံပြုထားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မြို့ခံများ၏ ပြောကြားချက်အရ ယင်းမြူနှင်းထုကြီးသည် အဝါနှင့် အစိမ်းဖျော့ဖျော့ အရောင်အသွေးရှိပြီး တနလ်ာနေ့ နံနက်ပိုင်းတွင် ဝူဟန်မြို့ကို ရုတ်တရက် ဖုံးလွှမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြူနှင်းထုကြီး ရုတ်တရက်ကျဆင်းလာမှုကြောင့် မြို့တော်နေ ပြည်သူများမှာ မျက်နှာဖုံးအကာအကွယ်များ အပြေးအလွှား တပ်ဆင်ခဲ့ရကြကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ နှလုံးရောဂါနှင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါများခံစား နေရသူများ အနေဖြင့် နေအိမ်တွင်း၌သာ နေထိုင်သင့်ကြောင်း ဟူပေပြည်နယ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာကွယ်ရေးဌာနက ကြေညာချက်ထုတ်ပြန်ထားသည်။

ယင်းမြူနှင်းထုကြီးသည် ကောက်ရိုးများ မီးလောင်ကျွမ်းမှုကြောင့် ဖြစ်ပေါ်ခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားခဲ့ပြီး ဝူဟန်မြို့အတွင်း (သို့မဟုတ်) မြို့အနီး၌ စက်မှုလုပ်ငန်း မတော်တဆမှုကြောင့် ပေါ်ပေါက်လာရသည်ဟူသော ကောလာဟလများကို ငြင်းဆိုခဲ့သည်။

အဆိုပါမြူနှင်းထုကြီးသည် အဝါမှိုင်းမှိုင်း အရောင်ရှိပြီး ဝူဟန်မြို့အပါအဝင် ဟူပေပြည်နယ်အတွင်းရှိ မြို့ပေါင်း ခုနစ်မြို့၌ ကျဆင်းခဲ့ပြီးဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဝူဟန်မြို့နယ်လေထုအတွင်း အမှုန်ပါဝင်မှုနှုန်းမှာ တနလ်ာနေ့ မွန်းလွဲ ၂ နာရီ တိုင်းတာမှုအရ လေထုလွှာ တစ်ကုဗမီတာလျှင် သုည ဒသမ ၅၇၄ မီလီဂရမ်ရှိခဲ့ရာ နေ့စဉ်ပျမ်းမျှ အမှုန်ပါဝင်မှုနှုန်းထက် သုံးဆကျော်မြင့်မားကြောင်း ဆင်ဟွာသတင်းဌာနက ပြောကြားသည်။ ***အင်တာနက်။***

# အာမေးနီးယားနိုင်ငံ အခြေစိုက် ရုရှားတိုက်လေယာဉ်များ လေ့ကျင့်မှုပိုမိုလုပ်ဆောင်လာ အာမေးနီးယားနှင့်အဇာဘိုင်ဂျန် နယ်စပ်ပဋိပက္ခပိုတိုးလာပါက ကြားဝင်မည့်လက္ခဏာဖြစ်

မော်စကို ဇွန် ၁၁

**အာမေးနီးယားနိုင်ငံ၌ အခြေစိုက်တပ်စွဲထားသည့် ရုရှားလေတပ် ဂျက်တိုက်လေယာဉ်များသည် လေ့ကျင့်ပျံသန်းမှု ကြိမ်ရေကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ရုရှားစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး အိုက်ဂေါ် ဂေါဘူးလ်က ဇွန် ၉ ရက်တွင် ပြောကြားခဲ့သည်။**

ယင်းကဲ့သို့ ရုရှားတိုက်လေယာဉ်များ လေ့ကျင့်ပျံသန်းမှု ကြိမ်ရေ တိုးမြှင့်လာခြင်းသည် အာမေးနီးယားနိုင်ငံနှင့် အိမ်နီးချင်း အဇာဘိုင်ဂျန်တို့အကြား နယ်မြေပိုင်နက်အငြင်းပွားမှုကို အကြောင်းပြု၍ ပဋိပက္ခများ ပိုမိုဖြစ်ပွားလာပါက ရုရှားနိုင်ငံက ကြားဝင်စွက်ဖက်မည့် အရိပ်လက္ခဏာတစ်ရပ်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အာမေးနီးယားနိုင်ငံ အခြေစိုက်စခန်းတစ်ခု၌ ဖြန့်ကြက်ထားသော ရုရှားတိုက်လေယာဉ်များသည် ၂၀၁၂ ခုနှစ် နှစ်စပိုင်းမှ စ၍ လေ့ကျင့်ပျံသန်းမှု အကြိမ် ၃၀၀ ခန့် လုပ်ဆောင်ခဲ့ရာ ယမန်နှစ်နှင့်နှိုင်းယှဉ်ပါက ပျံသန်းချိန် နာရီပေါင်း ၂၀ ရာခိုင်နှုန်းမြင့်တက်လာကြောင်း အင်တာဖက်စ်သတင်းဌာနက ပြောကြားခဲ့သည်။

ဆိုဗီယက်ပြည်ထောင်စုဝင်နိုင်ငံများဖြစ်ခဲ့ဖူးသည့် အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့အကြား နယ်စပ်ပဋိပက္ခများ မကြာသေးမီကာလအတွင်း ဖြစ်ပေါ်ခဲ့ရာ အဇာဘိုင်ဂျန်တပ်ဖွဲ့ဝင်ငါးဦးနှင့် အာမေးနီးယားတပ်ဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ရသည်။

နာဂေါ်ဒို-ကာရာဘက်ခ်အမည်ရှိ ပိုင်ဆိုင်မှုအငြင်းပွားနယ်စပ်ပြဿနာကြောင့် လွန်ခဲ့သောနှစ် ၂၀ ကျော်က အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့အကြား စစ်ပွဲဖြစ်ပွားခဲ့ဖူးသည်။



**အာမေးနီးယား နိုင်ငံရှိ ရုရှား လေတပ်အခြေစိုက် စခန်းမှ အမ်အိုင်ဂျီ ဂျက်တိုက် လေယာဉ်များကို တွေ့ရစဉ်။**

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်တို့အကြား ဖြစ်ပွားနေသော နယ်စပ်ပြဿနာကို ငြိမ်းချမ်းစွာဖြေရှင်းရန် ပြင်သစ်၊ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများအပြင် ရုရှားနိုင်ငံကလည်း တောင်းဆိုထားသည်။

ရုရှားနိုင်ငံသည် အာမေးနီးယားနိုင်ငံ၌ စစ်အခြေစိုက်စခန်းတစ်ခုထားရှိထားပြီး ယင်းနိုင်ငံအား လက်နက်များ ရောင်းချပေးနေသည့် နိုင်ငံလည်းဖြစ်သည်။ ***အင်တာနက်။***

# အမှိုက်ကစ ပြာသာဒ်မီးလောင်

**ကိုကိုအောင်**

ကျွန်တော် မြန်မာနိုင်ငံသားတစ်ဦးပါ။ ဗမာလူမျိုးတစ်ဦးပါ။ ဗမာမို့ ဗမာကို တန်ဖိုးထားပါသည်။ အခြားတိုင်းရင်းသားများကို တန်ဖိုးမထားခြင်း၊ အသိအမှတ်မပြုလိုခြင်းမဟုတ်ပါ။ ကိုယ့်လူမျိုးကို ပိုချစ်တတ်သည့် သဘောကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ ဗမာသည် ဗမာကိုချစ်မည်၊ တန်ဖိုးထားမည်။ ကချင်သည် ကချင်ကို ချစ်မည်၊ တန်ဖိုးထားမည်။ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်အားလုံး သူ့လူမျိုးကို သူချစ်ကြ၊ တန်ဖိုးထားကြပါမည်။

သို့သော် ကျွန်တော်တို့အားလုံး မှီတင်းနေထိုင်ကြသော ပြည်ထောင်စုနိုင်ငံတော်တွင် ဗမာချည်းရှိသည်မဟုတ်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည်ချည်းမဟုတ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ ၁၀၀ ကျော် စုပေါင်းနေထိုင်ကြခြင်းဖြစ်၍ ဗမာနိုင်ငံလည်းမဟုတ်။ ကချင်နိုင်ငံလည်းမမည်။ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည် လူမျိုးတစ်မျိုးချင်း၏ နိုင်ငံဟုလည်း မဆိုသာပေ။ ပြည်ထောင်စုနိုင်ငံဖြစ်တာနဲ့အညီ လူမျိုးအားလုံးနှင့် သက်ဆိုင်သော"မြန်မာ"ဟူသည့် အများဆိုင်နာမ်ဖြင့် ရပ်တည်ခဲ့သည်မှာ ကာလမြားမြောင်ကြာမြင့်လှပေပြီ။

မြန်မာနိုင်ငံသမိုင်းတွင် ပုဂံအနော်ရထာမင်းကြီး စိုးစံသော ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီး စိုးစံသော ဒုတိယမြန်မာနိုင်ငံတော်နှင့် အလောင်းမင်းတရားကြီး စိုးစံသော တတိယမြန်မာနိုင်ငံတော်ဟူ၍ ထင်ရှားသော သမိုင်းရှိခဲ့ပြီးဖြစ်သည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်း သီပေါဘုရင်လက်ထက် မြန်မာ့ဦးစွန်းအနောက်သို့ ယွန်းသောအခါတွင်မှ မြန်မာဟူသည့် အသုံးအနှုန်း ကွယ်ပျောက်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်အခါက မြန်မာနိုင်ငံကို ကျွန်ပြုအုပ်ချုပ်သော အင်္ဂလိပ်အုပ်စိုးသူတို့က ၎င်းတို့ အများဆုံးထိတွေ့ဆက်ဆံသည့် ပြည်မသား "ဗမာ" လူမျိုးများကို အစွဲပြု၍ ၎င်းတို့ နှုတ်ကျိုးနေသည့်အတိုင်း ဗမာလူမျိုး (ဗမာနိုင်ငံ) ဟု ခေါ်တွင်ခဲ့ရာမှ ၎င်းတို့ အသံထွက်အတိုင်း (မပီကလာ၊ ပီကလာဖြင့် ) ဘားမား (Burma)ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ခြင်းဖြစ်သည်။

[မှတ်ချက်။ ။မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အင်္ဂလိပ်တို့က ဗမာပြည်မတစ်ခုတည်းကိုသာ ကွက်၍ လွတ်လပ်ရေးပေးရန် ကြံစည်ခဲ့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ပင်လုံစာချုပ်ဖြင့် ပြည်နယ်/ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြသည်များကို လေ့လာကြည့်လျှင် မြန်မာနိုင်ငံကို Burma ဟု သုံးနှုန်းခဲ့ခြင်းမှာ မူလကပင် လူမျိုးရေးသွေးကွဲစေရန် အစီအမံရှိသည်ဟုလည်း သုံးသပ်နိုင်ပါသည်။]

ဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံကို သမိုင်းတစ်လျှောက် မြန်မာ (Myanmar) ဟု သုံးနှုန်းခဲ့ရာမှ အင်္ဂလိပ်ကိုလိုနီလက်ထက်တွင် ဗမာ (Burma)ဟု သတ်မှတ်ခံခဲ့ရပြီး လူမျိုးကြီး၊ လူမျိုးငယ် (လူမျိုးစွဲ) အစွဲများကြောင့် တိုင်းရင်းသားချင်း သွေးကွဲကာ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့ရသည်။ ယနေ့တိုင် ဖြေရှင်းနေရဆဲ ပြဿနာတစ်ရပ်ဖြစ်နေပါသည်။

မြန်မာနိုင်ငံတွင် ပေါ်ထွန်းခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်လျှင် လွတ်လပ်ရေးမရမီ (အင်္ဂလိပ်လက်အောက်၌)ရေးဆွဲခဲ့ရသော အခြေခံဥပဒေ (၁၉၄၇)၏ အမည်မှာ "ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ" ဟု မြန်မာဘာသာဖြင့် ရေးသားသော်လည်း English Version တွင် "The Constitution of the UNION OF BURMA" ဟု ရေးသားထားပြီး ယင်းဥပဒေ၏ ပုဒ်မ ၁ တွင် မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် သမ္မတနိုင်ငံဖြစ်သည်။ ထိုနိုင်ငံကို "ပြည်ထောင်စုမြန်မာနိုင်ငံ" ဟု ခေါ်ရမည်။ (Burma is Sovereign Independent Republic to the known as "The Union of Burma")ဟု ပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။

သို့ရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ရေးဆွဲပြဋ္ဌာန်းသော အခြေခံဥပဒေ (၁၉၇၄)၏ အမည်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ The Constitution of the Socialist Republic of the Union of Myanmar ဟု ရေးသားသုံးစွဲခဲ့ပြီး ယင်းဥပဒေ၏ ပုဒ်မ ၁ တွင် နိုင်ငံတော်ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်စေရမည်။ (The State shall be known as Socialist Republic of the Union of Myanmar) ဟု ပြဋ္ဌာန်းဖော်ပြထားပြီးဖြစ်သည်။

အလားတူ ၂၀၀၈ ခုနှစ်တွင် ရေးဆွဲအတည်ပြုပြဋ္ဌာန်းသည့် အခြေခံဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (The Constitution of the Republic of the Union of Myanmar)ဟု ရေးသားထားပြီး ယင်းဥပဒေ၏ ပုဒ်မ ၂ တွင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်ရမည် ဖြစ်သည်။ (The State shall be known as the Republic of the Union of Myanmar) ဟု ပြဋ္ဌာန်းဖော်ပြထားပါသည်။

ယင်းသို့ မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် တည်ရှိခဲ့ဖူးသော ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်ဖော်ပြရခြင်းမှာ အကြောင်းရှိပါသည်။ အချို့သော လူငယ်နိုင်ငံရေးသမားများနှင့် ပြည်ပတွင် အနေကြာသူများအတွက် မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအဆင့်ဆင့်ပြောင်းလဲတိုးတက်လာမှုကို မျက်ခြည်ပြတ်နေမှာစိုး၍ ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာသုံးရပ်ကို ကိုင်တွယ်ကျင့်သုံးရသည့် ဥပဒေပြုရေးအဖွဲ့အစည်း(လွှတ်တော်)၊ အုပ်ချုပ်ရေးအဖွဲ့အစည်း (အစိုးရအဖွဲ့အဆင့်ဆင့်)နှင့် တရားစီရင်ရေးအဖွဲ့အစည်း (တရားလွှတ်တော်ချုပ်နှင့် အဆင့်ဆင့်သောတရားရုံးများ)တို့တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ကြသူများ၊ လွှတ်တော်အသီးသီးသို့ လွှတ်တော်ကိုယ်စားလှယ် (ပြည်သူ့ကိုယ်စားလှယ်)အဖြစ် ရောက်ရှိတာဝန်ထမ်းဆောင်ရန် ကြိုးပမ်းနေကြသူများ အထူးသတိထားရမည့် ပြဋ္ဌာန်းချက်များဖြစ်ပါသည်။

အဘယ်ကြောင့်မူ **လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တာဝန်များ**နှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေများတွင် ပုဒ်မ ၉ ၌ လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်များမှာ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို ကာကွယ်စောင့်ရှောက်ခြင်းဟု လည်းကောင်း၊ **လွှတ်တော်ကိုယ်စားလှယ်၏ ကျင့်ဝတ်စည်းကမ်းများ**နှင့် စပ်လျဉ်း၍ ပုဒ်မ ၁၁ ၌ လွှတ်တော်ကိုယ်စားလှယ်များသည် (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဤဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်းဟု လည်းကောင်း ပြဋ္ဌာန်းထားသည်ကို သတိမူရမည်ဖြစ်သည်။ ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၅ နှင့် လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၈၊ ယင်းနည်းဥပဒေ ၅(ဂ)တို့အရ လွှတ်တော်ကိုယ်စားလှယ်ဖြစ်မြောက်ရန် အခြေခံဥပဒေ ဇယား ၄ ပါအတိုင်း ကတိသစ္စာပြုကြသည်ဖြစ်ရာ ယင်းကတိသစ္စာပြုချက်တွင် "ကျွန်ုပ်သည်. . . လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်"ဟု သစ္စာဆိုထားသည်ကိုလည်း မမေ့အပ်ပါ။ (ဤနေရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါမည်ဟုပဲဆိုဆို၊ အချို့နိုင်ငံရေးသမားများ အငြင်းပွားနေသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာပါမည်ဟုပဲ ခံယူထားထား အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကိုတော့ လိုက်နာရမည်ဖြစ်ပေသည်။)

တစ်ဖန် နိုင်ငံရေးပါတီဝင်အားလုံး အလေးထားရမည့်အချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၅(ခ)တွင် နိုင်ငံရေးပါတီတစ်ရပ်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံရေးပါတီများကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်အခါတွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆(ဂ)အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာရေးအချက်ကို ဝန်ခံချက်ပြုရမည်ဖြစ်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားပေသည်။ မည်သည့်နိုင်ငံရေးပါတီ (ပါတီဝင်)မဆို ယင်းပါတီဥပဒေပုဒ်မ ၆ ကို ဝန်ခံချက်ပြုထားပြီးသူများဖြစ်ကြ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ထူးခြားထင်ရှားသော ပြဋ္ဌာန်းချက် (နိုင်ငံတော်၏ နာမဝိသေသန)ကို တလွဲသုံးနှုန်းကာ ဥပဒေကို ချိုးဖောက်သည့် အပြောအဆို၊ အရေးအသားမျိုး မသုံးစွဲသင့်ပါ။

မသိလို့ (သတိမထားမိလို့)ဆိုသည့် ဆင်ခြေမျိုးဖြင့်လည်း လက်မခံသင့်ပါ။ Ignorance of Law is no excuse ဟု ဥပဒေဆိုရိုးစကား ရှိပါသည်။ ဥပဒေကို မသိလို့ ကျူးလွန်ပါသည်ဆိုသည့် ဆင်ခြေကို ဥပဒေက ခွင့်လွှတ်မည်မဟုတ်ပါ။ ဤသို့ဆိုလျှင် သိလျက်နှင့် တမင်ကျူးလွန်သည်လား မေးစရာဖြစ်နေပါသည်။

မည်သို့ဆိုစေ ကျွန်တော်တို့ ပြည်သူများကတော့ ဗုဒ္ဓဘာသာဝင်များပီပီ ခန္တီတရား လက်ကိုင်ထားကြပါသည်။ မသိလို့ဖြစ်မှာပါ။ နှုတ်ကျိုးနေလို့ဖြစ်မှာပါဟု တွေးတောခွင့်လွှတ်တတ်ကြပါသည်။ သို့သော် သိလျက်နှင့် တမင်ရည်ရွယ်ချက်ဖြင့် ဆိုလျှင်တော့ "အမှိုက်ကစ ပြာသာဒ်မီးလောင်" နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာပါမည်ဟု ဝန်ခံချက်ပြုထားသော ပါတီဝင်များအနေဖြင့် မှားသင့်သော အမှားမျိုးမဟုတ်ပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်နိုင်ပါသည်။ ပင်လုံစာချုပ်ကို မျက်ကွယ်ပြုပြီး မြန်မာနိုင်ငံအတွင်းက ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် လူမျိုးများကို မသိကျိုးကျွန်ပြုရာကျပါမည်။

ကျွန်တော်သည် ဗမာတစ်ဦးဖြစ်၍ ဗမာလူမျိုးကိုယ်စားပြု (Burma)ဆိုသည့် အသုံးအနှုန်းကို ပိုသဘောကျပါသည်။ သို့သော် တစ်ကိုယ်ကောင်းဆန်၍ မရပါ။ လူမျိုးစွဲထား၍ မဖြစ်ပါ။ ပြည်ထောင်စုတစ်ဝန်းလုံးကို ကိုယ်စားပြုသည့် နိုင်ငံတော်နှင့် သက်ဆိုင်လျှင် မြန်မာ (Myanmar) ဟူသည့် အသုံးအနှုန်းကသာ သင့်တော်မှန်ကန်ပါသည်။ ကိုလိုနီခေတ်က အတွေးအခေါ်ကို စွန့်ပစ်ရပါမည်။ လက်ရှိအချိန်တွင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်သည့်ပြယုဂ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် (The Republic of the Union of Myanmar) ဆိုသည်ကသာ အမှန်ကန်ဆုံးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားဝင်အသုံးအနှုန်းအစစ် ဖြစ်ကြောင်းပါခင်ဗျား။ ။

## အသေးစားငွေရေးကြေးရေး လုပ်ငန်းအကြောင်းရှင်းလင်း

**ရန်ကုန် ဇွန် ၁၁**

အသေးစားငွေရေးကြေးရေးလုပ်ငန်းအကြောင်း သိကောင်းစရာများနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေအရ လုပ်ငန်းလိုင်စင်လျှောက်ထားနိုင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တံွတေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ် တက်ရောက်၍ အမှာစကားပြောကြားပြီး မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးဝေသန်းက အသေးစားငွေရေးကြေးရေး လုပ်ငန်းအကြောင်းနှင့် လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လိုအပ်သည်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်နှင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများနှင့် စိတ်ပါဝင်စားသူ ၁၅၀ တက်ရောက်ကြပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မန္တလေး၌ မော်တော်ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေး

**မန္တလေး ဇွန် ၁၁**

ပြည်သူများက အခွန်အခများ ပေးဆောင်၍ တရားဝင်ယာဉ်မှတ်ပုံတင် ပြုလုပ်ခြင်းကို လိုလားလျက်ရှိကြောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ တင်ပြချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မော်တော်ဆိုင်ကယ် လိုင်စင် ပြုလုပ်ရေးစီမံချက်ကို ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးရေးစီမံချက်ကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အနီးကပ်ကြီးကြပ်၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်းတို့ ပူးပေါင်းကာ One Stop Service ဖြင့် ဆောင်ရွက်ပေးမည်။

မော်တော်ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးရာတွင် ထုတ်လုပ်သည့်နိုင်ငံ / အင်ဂျင်ပါဝါ (C.90, 110, 125) ဆိုင်ကယ်အမျိုးအစားပေါ် မူတည်၍ သတ်မှတ်ကာလတန်ဖိုး၏ ငါးရာခိုင်နှုန်းအား အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အာမခံပရီမီယံ ကျပ် ၂၅၅၀၊ ယာဉ်မှတ်ပုံတင်ကြေး ကျပ် ၂၂၀၀၀ တို့ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်များအား ခရိုင်ရုံးများတွင် လည်းကောင်း၊ မန္တလေးမြို့တွင် (၆၈) လမ်း အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ကုန်စည်ဒိုင်များအနီး တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးဝင်းအတွင်း၌ One Stop Service ဖြင့် ပြုလုပ်ပေးထားသည်။

တရားမဝင် ဝင်ရောက်လာသော မော်တော်ဆိုင်ကယ်အရေအတွက်မှာ ၂၀၁၂ ခုနှစ် ဇန်နဝါရီလအထိ ၁၉၅၈၁၂ စီးခန့်ရှိပြီး ၁၉၉၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ယာဉ်မှတ်ပုံတင် ခုနစ်ကြိမ်တွင် မော်တော်ဆိုင်ကယ် ၁၅၈၇၂၉၂ စီး လိုင်စင်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ (သီဟ)



## အင်းစိန်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၃၁ ရက်တွင် အင်းစိန် အထက(၁) ဧရာခန်းမ၌ ကျင်းပရာ အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီး ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ (Royal Club)ကုမ္ပဏီ၊ [ဦးကြူမိသားစု ဂျုံစက်ရုံ၊ ရွှေပြည်သာ စက်မှုဇုန် (၃)]၊ INGO (World Vision)၊ F&B (NGO) အဖွဲ့များမှ ငွေကျပ် ၄၅၁၅၆၀၀ တန်ဖိုးရှိစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။**(အပေါ်ပုံ)**

(၆၈၄)

## မြဝတီ သယ်န်းညီနောင်ကျေးရွာ၌ သစ်ပင်စိုက်ပျိုး

**မြဝတီ ဇွန် ၁၁**

မြဝတီခရိုင် မြဝတီမြို့နယ် သယ်န်းညီနောင်ကျေးရွာ၌ ၂၀၁၂ ခုနှစ် တစ်ရွာတစ်ဧက ကျေးရွာပိုင် ယူကလစ်စိုက်ခင်း သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၈ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများ၊ သယ်န်းညီနောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့ဝင်များ၊ ပြည်သူများပါဝင်သော အင်အား ၁၂၀ ကျော်ဖြင့် ယူကလစ်အပင် ၆၀၀ ကို စုပေါင်း၍ စိုက်ပျိုးကြကြောင်း သိရသည်။

(၅၇၀)

## မုတ်သုံလေ အားကောင်းမည်

နေပြည်တော် ဇွန် ၁၁

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် မကွေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ခန္တီးမြို့တွင် ၄ ဒသမ ၂၉ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ညောင်လေးပင်မြို့တွင် ၂ ဒသမ ၈၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ဖြူးမြို့တွင် ၂ ဒသမ ၂၀ လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

မုတ်သုံလေ အားကောင်းမည်။

## မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေး

**ကျောက်တန်း ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူကြီးများအား နိုင်ငံတော်မှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တစ်ဧကလျှင် ကျပ်လေးသောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိရာ အတိုးနှုန်းမှာ ငွေတစ်ရာလျှင် တစ်လ ၇၀ ပြားတိုးနှုန်းဖြစ်ပြီး ကျောက်တန်းတစ်မြို့နယ်လုံးအတွက် ထုတ်ချေးရန် လျာထားငွေမှာ ကျပ်သိန်းပေါင်း ၆၁၂၀ ဖြစ်ကြောင်း သိရသည်။ (၆၈၉)



# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်အား အမေရိကန်ကွန်ဂရက် အောက်လွှတ်တော်အမတ် တွေ့ဆုံ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေအား အမေရိကန်ကွန်ဂရက်အောက်လွှတ်တော်အမတ် Mr. Jefferson Bingham Miller နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးညှိခန်းမ၌ လာရောက်တွေ့ဆုံကာ နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စများကို ဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အထူးအယူခံခုံရုံး ရုံးထိုင် စီရင်ချက်ချမှတ်

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေးနှင့် ဦးစိုးညွန့်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထွေထွေလျှောက်ထားမှု(စာချွန်တော်)(၄)မှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့အပြင် တရားမ အထူးအယူခံမှု(၆)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် မြိတ်မြို့ တောင်သာယာဘိုးဘွားရိပ်သာအဆောင်သစ်ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇွန် ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ရပ် တောင်သာယာဘိုးဘွားရိပ်သာ အဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါ ဘိုးဘွားရိပ်သာ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာ ကျော်ဆန်း၊ ဘိုးဘွားရိပ်သာ ကြီးကြပ်မှု ကော်မတီနာယက ဦးကျားမောင်၊ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးတို့က တောင်သာယာဘိုးဘွားရိပ်သာအဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘိုးဘွားရိပ်သာ အဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ် နှိပ်ဖွင့်လှစ်ပေး၍ ဘိုးဘွားများအား အလှူငွေများ ပေးအပ်သည်။

ဘိုးဘွားရိပ်သာအဆောင်သစ်မှာ အလျားပေ ၁၂၀ နှင့် အနံပေ ၃၀ ရှိပြီး ကုန်ကျငွေ ၅၈၂၂၃၆၇၄၁ ကျပ် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)



ဇွန် ၁၁ ရက်က အခြားအဆင့်တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သင်တန်းအမှတ်စဉ် (၂/၂၀၁၂)ဖွင့်ပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ်(၅) ရဲတပ်ရင်းစု ကွပ်ကဲရေးမှူး ရဲမှူးကြီးကျော်ခိုင်ဦး အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

# ပခန်းကြီး ဓာတ်အားခွဲရုံမှ ထရန်စဖော်မာပိန်းကေဘယ် အပူလွန်၍မီးလောင်

**ရေစကြို ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ပေါ် (၈)ရပ်ကွက်၊ ကျေးရွာ ၂၂ ရွာနှင့် လျှပ်စစ်မြစ်ရေတင် ငါးခုသို့ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသော ပခန်းကြီးဓာတ်အားခွဲရုံမှ(5 MVA) ထရန်စဖော်မာတွင် ၁၁ ကေဗွီမိန်းကေဘယ် အပူလွန်ပြီး ဝါယာရှော့ဖြစ်ကာ မီးလောင်မှုဖြစ်ပွားရာ**(အောက်ပုံ)** သတင်းရလျှင်ရချင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှမျိုးနှင့် တာဝန်ရှိသူများ သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် လျှပ်စစ်မြစ်ရေတင် ငါးခု၏ ရေသောက်ဧရိယာများတွင် စိုက်ပျိုးထားသော နွေစပါးခင်းအချို့မှာ ဇွန် ၂၀ ရက်ခန့်ထိ အောင်ရေပေးရန် လိုအပ်လျက်ရှိကြောင်းနှင့် ထရန်စဖော်မာအသစ်ရရှိတပ်ဆင်၍ လျှပ်စစ်ဓာတ်အား အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထရန်စဖော်မာ မီးလောင်မှုနှင့် ပတ်သက်၍ သက်ဆိုင်ရာက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၃၇၄)



# နွေပုရစ်နှင့်ကျန်းမာရေး

**မန္တလေး ဇွန် ၁၁**

ယခုရက်ပိုင်းအတွင်း အထက်မြန်မာပြည်ရှိ ဒေသများတွင် အပူချိန်များ မြင့်တက်လျက်ရှိရာ တွင်းအောင်း သတ္တဝါဖြစ်သည့် ပုရစ်များလည်း ထွက်ရှိလာသည်။ မန္တလေးမြို့ ထီးချိုင့်၊ ကသာဘက်မှ ဝင်လာသော ရေခဲရိုက် ပုရစ်များ၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မောင်းကုန်ဒေသမှ ပုရစ်များနှင့် မတ္တရာမြို့နယ် ဆည်တော်ကြီးဒေသမှ ပုရစ်များ ဝင်ရောက်ခဲ့သည်။ ထီးချိုင့်၊ ကသာဘက်မှ ဝင်လာသောပုရစ်များသည် လတ်ဆတ်မှု နည်းပါးသဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်နိုင်သဖြင့် သတိပြုစားသုံးသင့်သည်။ မန္တလေးနှင့် အနီးဝန်းကျင် ဆည်တော်ကြီးဒေသမှ ပုရစ်များသည် ညဦးပိုင်းတွင် ဖမ်းဆီးကာ နံနက်စောစောဈေးကွက်သို့ တင်ပို့သဖြင့် အသက်မသေသေးသည့် အကောင်များပင် ပါလာတတ်ပြီး လတ်ဆတ်မှုရှိသည်။ လတ်ဆတ်မှုရှိသဖြင့် အကောင် ၁၀၀ လျှင် ကျပ် ၁၅၀၀ ဈေးရှိပြီး ရေခဲရိုက် ထီးချိုင့်၊ ကသာ ပုရစ်ဈေးမှာ အကောင် ၁၀၀ လျှင် ကျပ် ၁၀၀၀ နှုန်းသာရှိကြောင်း သိရသည်။**(အောက်ပုံ)**

မောင်စေတနာ(မန္တလေး)



☆ **ကမ္ဘာကြီးမှ**

ထို့အပြင် ယင်းလေ့လာဆန်းစစ်ချက်က ဆာဟာရအာဖရိကဒေသခွဲအတွင်းရှိ နိုင်ငံများအပါအဝင် ဆင်းရဲသောနိုင်ငံများတွင် သားအိမ်ကင်ဆာ၊ အသည်းကင်ဆာနှင့် အစာအိမ်ကင်ဆာများပို၍ ဖြစ်ပွားသည့်နည်းတူ ချမ်းသာသောနိုင်ငံများဖြစ်သည့် ဗြိတိန်၊ ဩစတြေးလျ၊ ရုရှားနှင့် ဘရာဇီးနိုင်ငံများတွင်မူ ဆေးလိပ်သောက်ခြင်းနှင့် ဆက်နွယ်သော အဆုတ်ကင်ဆာများအဖြစ်များလာကြောင်း ဆိုသည်။

ထို့နည်းတူ ဝင်ငွေအလယ်အလတ်ကောင်းမွန်သော တရုတ်၊ အိန္ဒိယနှင့် အာဖရိကနိုင်ငံများတွင် ၂၀၃၀ ခုနှစ်၌ ကင်ဆာဖြစ်ပွားမှုနှုန်း ၇၈ ရာခိုင်နှုန်း မြင့်တက်လာဖွယ်ရှိပြီး ဆင်းရဲသောနိုင်ငံများတွင်မူ ၉၃ ရာခိုင်နှုန်း မြင့်တက်ဖွယ်ရှိကြောင်း ခန့်မှန်းရသည်ဟု ယင်းဆန်းစစ်လေ့လာချက်၌ ဖော်ပြထားသည်။

**အင်တာနက်။**

○ **ကျောဖုံးမှ**

ကြောင်း ပါမောက္ခခိုးလ်က ပြောကြားသည်။ ကမ္ဘာပေါ်တွင် အသုံးအများဆုံး ပလတ်စတစ်ဖြစ်သော ပိုလီပရိုပိုင်လင်း ပလတ်စတစ်ကို အလွန်မာကျောသော ပလတ်စတစ်အဖြစ် ထုတ်လုပ်ကာ သံမဏိနှင့် သတ္တုပစ္စည်းများကို အစားထိုးအသုံးပြုနိုင်မည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကားပစ္စည်း အစိတ်အပိုင်းများကို ပိုလီပရိုပိုင်လင်း ပလတ်စတစ်ဖြင့် ထုတ်လုပ်လာနိုင်မည်ဆိုပါက ကား၏အလေးချိန် လျော့ကျသွားမည်ဖြစ်ကာ လောင်စာဆီသုံးစွဲရမှု ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အလွန်မာကျောသော ပလတ်စတစ်သည် ဈေးချိုမည်ဖြစ်ရာ စက်မှုလုပ်ငန်းများ၌ သတ္တုအစားထိုးပစ္စည်းတစ်မျိုးဖြစ်လာနိုင်ကြောင်း သတင်းတွင်ဖော်ပြသည်။**အင်တာနက်။**

နိုင်ငံတကာ အနုပညာရပ်ဝန်း **အောင်မိုးစိုး**

# ဗြိတိန်ဘုရင်မကြီးက အပ်နှင်းသည့် စီဘီအီးဘွဲ့ ကိတ်ဝင်းစလက် ရရှိမည်

ဗြိတိသျှစုပါစတားနာမည်ကျော်မင်းသမီး ကိတ်ဝင်းစလက်သည် ဗြိတိန်ဘုရင်မကြီး အယ်လီဇဘတ်(၂)က ပေးအပ်ချီးမြှင့်သည့် စီဘီအီးဘွဲ့ဖြင့် ဂုဏ်ပြုခံရမည်ဖြစ်ကြောင်း The Sun သတင်းစာက ရေးသားဖော်ပြသည်။

အသက်(၃၆)နှစ်ရှိ အော်စကာဆုများရှင် ကိတ်ဝင်းစလက်**(ယာပုံ)**သည် ကမ္ဘာကျော်ဂန္ထဝင်မြောက် ချစ်ဇာတ်ကားအဖြစ် မှတ်တမ်းဝင်ခဲ့သည့် ၁၉၉၇ ခုနှစ်က Titanic ဇာတ်ကားဖြင့် နာမည်ကျော်ထင်ရှားလာသူဖြစ်သည်။ ယင်းဇာတ်ကားသည် အော်စကာ ၁၁ ဆု ဆွတ်ခူးရရှိခဲ့ပြီး ဝင်ငွေ ဗြိတိသျှပေါင် ၁ ဒသမ ၁၄ ဘီလီယံ ရရှိခဲ့သည်။



ကိတ်ဝင်းစလက်သည် ဗြိတိန်ဘုရင်မကြီး၏ မွေးနေ့မင်္ဂလာအခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ခံရမည့် အမည်စာရင်းတွင် ပါဝင်ကြောင်း ဇွန် ၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

ကိတ်ဝင်းစလက်သည် ခေတ်သစ်ဗြိတိန်နိုင်ငံ၏ ကောင်းသတင်းကို ကျော်စောထင်ရှားအောင် ထူးထူးကဲကဲ စွမ်းဆောင်နိုင်သူအဖြစ် အသိအမှတ်ပြုသည့်အနေဖြင့် ဘုရင်မကြီး၏ နှစ်စဉ်ကျင်းပလေ့ရှိသည့် မွေးနေ့မင်္ဂလာအခမ်းအနားတွင် ယခုကဲ့သို့ ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ပေးအပ်ခြင်းဖြစ်သည်ဟု The Sun သတင်းစာက ဆက်လက်ရေးသားဖော်ပြသည်။

ဇွန် ၉ ရက်က ထုတ်ပြန်ကြေညာခဲ့သည့် ဘွဲ့ထူးဂုဏ်ထူးချီးမြှင့်ခံရမည့်အမည်စာရင်းတွင် ဘုရင်မကြီး၏ နန်းစံသက်နှစ်(၆၀)ပြည့် စိန်ရတုတော်ဝင်မင်္ဂလာအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဂျရတ်မာလွန်နှင့် ဂါရီဘာလိုတို့သည်လည်း အိုဘီအီးဘွဲ့ချီးမြှင့်ခံရမည်ဟု ဆိုသည်။

**အင်တာနက်။**

# အထူးအယ်လ်ဘမ်ထုတ်ဝေမည့် SISTAR

ALONE ဟူသော တေးသီချင်းဖြင့် နာမည်ကျော် ရေပန်းစားလာသည့် ကိုရီးယားအမျိုးသမီးပေါ့ပ် တေးဂီတအဖွဲ့ SISTAR**(အောက်ပုံ)**သည် ယခုလနှောင်းပိုင်းတွင် အထူးအယ်လ်ဘမ်တစ်ချပ် ထုတ်ဝေမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

SISTAR အဖွဲ့၏အထူးအယ်လ်ဘမ်တစ်ချပ် ယခုလနှောင်းပိုင်းတွင် ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ အယ်လ်ဘမ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို လာမည့်ရက်များအတွင်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း ယင်းအဖွဲ့၏အေဂျင်စီ Starship မှ တာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။



SISTAR ပေါ့ပ်တေးဂီတအဖွဲ့ကို ကိုရီးယားလှပျိုဖြူလေးများဖြစ်သည့် ဟိုင်ရိုလင်၊ ဆိုယူ၊ ဘိုရာနှင့် ဒေဆန်တို့ လေးဦးဖြင့်ဖွဲ့စည်းထားပြီး ၂၀၁၀ ခုနှစ်က Push Push အယ်လ်ဘမ်ဖြင့် ဂီတလောကသို့ဝင်ရောက်လာကြသူများဖြစ်သည်။ ၎င်းတို့အဖွဲ့၏လူကြိုက်များခဲ့သည့် တေးသီချင်းများမှာ Shady Girl, Ma Boy , So Cool နှင့် Alone တို့ဖြစ်ကြသည်။

ယင်းအဖွဲ့၏အခြားအနုပညာလှုပ်ရှားမှုများအနေဖြင့် ၎င်းတို့သည် ဖျော်ဖြေရေးအစီအစဉ်များတွင် ခြေလှမ်းသွက်သွက်ဖြင့် ပါဝင်လှုပ်ရှားလျက်ရှိသကဲ့သို့ သရုပ်ဆောင်လောကသို့ ခြေဦးလှည့်ရန် အခြေအနေကောင်းများလည်း ရရှိနေကြပြီဖြစ်သည်။ **အင်တာနက်။**

ယနေ့ ဖတ်စရာမှတ်စရာ | ခင်မောင်ဌေး(ပညာရေး)

# ၂၀၁၃ ဆီးဂိမ်းနှင့် အမှတ်တရပစ္စည်းဆိုင်

မြန်မာနိုင်ငံတွင် လာမည့် ၂၀၁၃ ခုနှစ်တွင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရတော့မည်ဖြစ်သည်။

ယင်းဆီးဂိမ်းပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးဖွဲ့စည်းကာ စဉ်ဆက်မပြတ် ညှိနှိုင်းတိုင်ပင်ဆွေးနွေးလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။ 25 th Sea Games, Laos နှင့် 26 th Sea Games, Indonesia တွင် မြန်မာနိုင်ငံမှ အားကစားမောင်မယ်များမှာ ထိုက်သင့်သော ဆုတံဆိပ်များ ရရှိခဲ့ပြီးလည်း ဖြစ်သည်။ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုများ၊ အတွေ့အကြုံဗဟုသုတကောင်းများလည်း ရရှိခဲ့ကြသည်။

ဆီးဂိမ်းနှင့် နှီးနွယ်ပတ်သက်သည့်အချက်တစ်ချက်စာရေးသူ၏ စိတ်ထဲတွင် ရှိနေသည်။ အကြံပြုလိုသည့်သဘောလည်းဖြစ်သည်။ ထူးထူးခြားခြား သတိထားမိနေသည်မှာ သွားရောက်ယှဉ်ပြိုင်ခဲ့သည့် နိုင်ငံအသီးသီးမှ အမှတ်တရလက်ဆောင်ပစ္စည်းကလေးများပင် ဖြစ်သည်။

25 th Sea Games, Laos မှ အပြန်တွင် အမှတ်တရလက်ဆောင်ပစ္စည်းကလေးများ ပါလာသည်ကို တွေ့ရသည်။ အထူးသဖြင့် ဝါး၊ သစ်ဖြင့် ပြုလုပ်ထားသည့်ပစ္စည်းများဖြစ်သည်။ သော့ချိတ်အမျိုးမျိုးတွေ့ရသည့်အပြင် ဝါးယပ်တောင်ကြီးများကိုလည်း တွေ့ရ၏။ အတိုင်းအတာအားဖြင့် နှစ်ပေခွဲ၊ သုံးပေခွဲခန့် ရှိမည်။ ခေါက်သိမ်း၍ရသည်။ ယင်းဝါးယပ်တောင်ပေါ်တွင် ယင်းနိုင်ငံ၏ အထင်ကရ ရှုခင်း ရှုကွက်များ ရောင်စုံရေးဆွဲထားသည်ကို လှပစွာတွေ့ရ၏။ ထို့အပြင် Laos နိုင်ငံအတွင်းရှိ ထင်ရှားသော ဘုရားကျောင်း ရောင်စုံဓာတ်ပုံများ (ဥပမာ Wat Sisaket Temple)အထင်ကရနေရာများ တွေ့ရ၏။

26 th Sea Games, Indonesia မှ ပြန်လာသောအခါ အင်ဒိုနီးရှားပါတိတ်ထည်များ တွေ့ရ၏။ ထင်ရှားသောအထိမ်းအမှတ်များ ပါ၏။ အချင်းချင်းဖလှယ်ရာတွင် စင်ကာပူရုပ်တုများမှ Merlion ရုပ်တုများ ပါလာသည်ကို တွေ့ရသည်။ ပြောရလျှင် ယင်းတို့နိုင်ငံအသီးသီးမှ သုံးစွဲနေသည့်ငွေအကြွေစေ့ကလေးများလည်း ပါလာ၏။

မကြာမီက အာရှပွဲကျင်းပရာ ဗီယက်နမ်နိုင်ငံမှအပြန်တွင် အချိန်အခက်အခဲကြောင့် မြို့တွင်းသို့ လှည့်ပတ်ခွင့်မကြုံခဲ့ကြ။ သို့သော်လည်း လေဆိပ်အရောက်တွင် အမှတ်တရပစ္စည်းမျိုးစုံရခဲ့သည်။ စာအုပ်များတွင် အမှတ်အသား (Book Marker)အဖြစ် အသုံးပြုသည့် အရုပ်မကလေးများ၊ဝါးယင်းလိပ်သေးသေးကလေးများပေါ်တွင် ပန်းချီရေးဆွဲထားသော အသေးအဖွဲ့ပစ္စည်းများပင် ဝယ်၍ရခဲ့သည်။ ထိုဝါးယင်းလိပ်ကလေးမှာ မြန်မာနိုင်ငံတွင် တစ်ထုပ် ၅၀ ကျပ်ခန့်ပေးရသည့် သွားကြားထိုးတံကလေးများ စီထားသလောက်ပင်ရှိသည်။ သို့သော် ဖန်တီးမှုတန်ဖိုးက ၂ ဒသမ သုည ဒေါ်လာ။ ခပ်ညှံ့ညှံ့သံကို ဒီဇိုင်းလှလှ ဖန်တီး၍ ရောင်းချနေသည်မှာလည်း အတုယူစရာ။ ခပ်လတ်လတ်တရုတ်ယပ်တောင်တစ်ချောင်းပင် ၈ ဒသမ သုည ဒေါ်လာ။(ဗီယက်နမ်တွင် တရုတ်ပစ္စည်း များသည်)

27th Sea Games, Myanmar တွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့၌ အသီးသီးခွဲ၍ ကျင်းပမည်ဖြစ်သည်။ ယင်းနေရာအသီးသီးသို့ နိုင်ငံစုံမှ အားကစားသမားများ ရောက်လာကြမည်ဖြစ်သည်။ သို့သော် နေရာတိုင်းသို့ နိုင်ငံတိုင်းမှ အားကစားသမားများအစုံမရောက်နိုင်ပါ။ သက်ဆိုင်ရာ အားကစားနည်းအလိုက် အားကစား မောင်/မယ်များ ပြန့်ကျဲရောက်ရှိသွားမည်သာဖြစ်သည်။ ငွေဆောင်ကမ်းခြေရောက်ရှိသွားမည့် သူများမှာ ငွေဆောင်၏ အလှအပနှင့် သဘာဝထွက်ကုန်များကို တွေ့ရှိခံစားကြရမည်ဖြစ်သည်။ မန္တလေးသို့ ရောက်ရှိသွားကြမည့်သူများကား ရွှေမန္တလေး၏ ကြွယ်ဝလှသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များကို တဝကြီး ခံစားရမည်ဖြစ်သည်။ ထို့အတူ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါဝင်ယှဉ်ပြိုင်ကြရမည့် အားကစားသမားများမှာလည်း သူ့အလှနှင့်သူ သဘာဝကိုတော့ မြင်တွေ့ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါကြွယ်ဝလှပါသည်။ သစ်တောထွက်ပစ္စည်းမျိုးစုံရှိ၏ (သစ်၊ဝါး၊ ကြိမ်)။ မိုင်ပေါင်း ၁၂၀၀ ရှည်လျားသည့် ကမ်းရိုးတန်းရှိသည်။ ထို့ကြောင့်ပင်လယ်ထွက်ပစ္စည်းမျိုးစုံရှိ၏။ ကျောက်မျက် မျိုးစုံပေါ၏။ ထို့ကြောင့် တန်ဖိုးမြင့်ကျောက်စီပန်းချီကားကြီးများ မျက်နှာပန်းလှ၏။ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုမြို့ဖြစ်သည့် ပုဂံတွင် ယွန်းထည်ပစ္စည်းမျိုးစုံရှိ၏။ နာမည်ကြီးဘုရားပုထိုးကျောင်းကန်များ၏ ရောင်စုံဓာတ်ပုံများစွာရှိ၏။ ဦးပိန်တံတားထိပ်တွင် ဘောစကိုင်းစေ့ဖြင့် အနုပညာမြောက်စွာ ဖန်တီးထားသည့် ပစ္စည်းမျိုးစုံရှိ၏။ နာမည်ကျော်ကြားလှသည့် ပုသိမ်မြို့မှ ပုသိမ်ထီးရှိ၏။ မန္တလေးမြို့မှ ပန်းပု၊ ပန်းပွတ်၊ ပန်းတမော့၊ ပန်းတဉ်း လက်ရာများက အံ့မခန်းလောက်စရာ။ အင်းလေးကန်ရေပြင်ထက်မှ ငွေထည်၊ ကြေးထည်၊ သံထည်ပစ္စည်းများကား ရှု၍မကုန်နိုင်။ သို့သော် တစ်နယ်စီဝေး၍ တစ်မျိုးစီလှနေသည့် အလှတရားများဖြစ်သည်။ ယင်းတို့၏ ပေါင်းစည်းမှုအလှကို ဖော်ထုတ်နိုင်ရန် လိုပါသည်။ ယင်းပေါင်းစည်းမှုအမှတ်တရများသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ထွက်သွားလာရာ ဆိပ်ကမ်းတိုင်း၊ နေရာတိုင်းတွင် မြင်နေ၊ တွေ့နေရသင့်သည်။ မည်သည့်နေရာဖြစ်ဖြစ် မြန်မာ့အလှကို ပေါင်းရုံး၍ မြင်စေလိုပါသည်။ ထို့ပြင် တစ်မျိုးစီလှပနေသည့်အလှများကို ပုံဖော်ရာတွင်လည်း မည်မျှအသေးအဖွဲ့ကလေးဖြစ်ပါစေ အမိမြန်မာနိုင်ငံ၏ ပြယုဂ်ကို အလွယ်တကူ သိမြင်နိုင်ဖို့လိုပါသည်။

သို့ဆိုလျှင် အချို့သော အမှတ်တရပစ္စည်းများကို သင်္ကေတဖြင့် ပုံဖော်သင့်၏။ (ဥပမာ- ရွှေတိဂုံ၊ မန္တလေးကျုံး၊ ပုပ္ပားတောင်ကလပ်) အချို့ပုံရိပ်များကို သော့ချိတ်ကလေးများအဖြစ် ဖန်တီးထားသင့်၏။ မြန်မာနိုင်ငံ တစ်နံ တစ်လျားမှ အထင်ကရ ရှုခင်းများ၊ ရေတံခွန်များ၊ ဘုရားပုထိုးစေတီများ၊ အင်းလေးကန်၊ တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ စသည်တို့ကို ရောင်စုံဓာတ်ပုံများဖြင့် ဖော်ပြသင့်၏။

ထို့ကြောင့် မြန်မာနိုင်ငံသည် သူ့ဒေသနှင့် သူ့အလှကိုယ်စီရှိနေပါသည်။ ကြွယ်ဝသော သဘာဝသယံဇာတမျိုးစုံရှိ၍ အလှအပဆုံးအမှတ်တရ ပစ္စည်းများ ရှိနေပါသည်။ ထို့ကြောင့် အမှတ်တရပစ္စည်းဆိုင် (Sovenir Shop) များစွာ ပေါ်ထွက်လာရန် လိုပါသည်။ ထို့ပြင် ဒေသဆိုင်ရာထွက်ကုန်ဈေးကွက် ပိုမိုကျယ်ပြန့်လာနိုင်သည်။ ထိုက်သင့်သော အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေဝင်လမ်းများ ပေါ်ထွက်လာနိုင်သည်။ နိုင်ငံ၏ ပြယုဂ်ကို ဖော်ကျူးရာလည်း ရောက်သောကြောင့် ဆီးဂိမ်းနှင့် ဆက်နွယ်ပတ်သက်၍ လိုသော်ရှိ ပိုသော်ရှိ စေတနာအသိဖြင့် နှိုးဆော်လိုက်ရပါသည်။

# အားကစားကို သာမန်အဖြစ်မသတ်မှတ်ဘဲ အဓိကကျသော လူမှုရေးလုပ်ငန်းများအဖြစ်လေးလေးနက်နက် ခံယူကာ စာတွေ့/လက်တွေ့သင်ကြားပို့ချချက်များကို တစ်ပါတည်းနားလည်တတ်ကျွမ်းအောင်သင်ယူ

နေပြည်တော် ဇွန် ၁၁

**အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပရန် လျာထားပြီးဖြစ်သည့် အားကစားပြိုင်ပွဲများအတွင်း အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများအဖြစ်လည်းကောင်း၊ ဒေသခံဒိုင်/ဂျူရီများ အဖြစ်လည်းကောင်း၊ ကျရာကဏ္ဍအသီးသီး၌တာဝန်ယူ ဆောင်ရွက်နိုင်ရန်အတွက် ဒိုင်နှင့် နည်းပြသင်တန်းများကို အားကစားဝန်ကြီးဌာန**





**အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်အသီးသီးတို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ မြန်မာနိုင်ငံ အမျိုးသား အားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်း သင်တန်းခန်းမ၌ ကျင်းပသော ကရာတေးဒို အားကစား နည်းပြ/ဒိုင်သင်တန်းနှင့် လက်ဝှေ့အားကစား နည်းပြ/ ဒိုင်သင်တန်းများဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားသည်။**(ဝဲပုံ)

ပြည်ထောင်စုဝန်ကြီးက နည်းပြ/ဒိုင်သင်တန်းသားများ အနေဖြင့် ယခုသင်တန်းမှ ရရှိလာမည့် အတွေ့အကြုံကောင်းများကို ပင်ကိုအရည်အသွေးနှင့်ပေါင်းစပ်ကာ ကရာတေးဒိုနှင့် လက်ဝှေ့အားကစားနည်းများ အောင်မြင်မှုရရှိအောင် ကြိုးစားဆောင်ရွက်သွားကြရန်နှင့် အားကစားလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်သွားကြရာတွင် အားကစားကို သာမန်အဖြစ်မသတ်မှတ်ဘဲ အဓိကကျသော လူမှုရေးလုပ်ငန်းများအဖြစ်လေးလေးနက်နက်ခံယူကာ စာတွေ့/လက်တွေ့ သင်ကြားပို့ချချက်များကို တစ်ပါတည်း နားလည်တတ်ကျွမ်းအောင် ဂရုတစိုက် သင်ယူသွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဆောက်လုပ်ရေးဝန်ကြီးဌာန သင်တန်းများဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ယနေ့ နံနက် ၉ နာရီတွင် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)၌ ကျင်းပသည့် အငယ်တန်းအင်ဂျင်နီယာ (၄) မြို့ပြ (မွမ်းမံ) သင်တန်း၊ အိုးအိမ်စီမံခန့်ခွဲမှု သင်တန်းနှင့်ပစ္စည်းထိန်း(၄) သင်တန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အဆိုပါသင်တန်းသို့ အငယ်တန်းအင်ဂျင်နီယာ(၄)မြို့ပြ(မွမ်းမံ) သင်တန်းမှ သင်တန်းသား သင်တန်းသူ ၄၆ ဦး၊ အိုးအိမ်စီမံခန့်ခွဲမှုသင်တန်းမှ သင်တန်းသား သင်တန်းသူ ၂၀၊ ပစ္စည်းထိန်း(၄)သင်တန်းမှ သင်တန်းသား သင်တန်းသူ ၂၉ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၉၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၂-၆-၂၀၁၂ (အင်္ဂါနေ့)**

**[၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက် (ဥပုသ်နေ့)]**

| | | | |
|---|---|---|---|
| ၇း၀၀ | ပရိတ်တရားတော် | ၆း၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ |
| ၇း၄၀ | သံသာချိုအေးမင်္ဂလာတေး | ၇း၀၀ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ဖေဖေ့သမီး" (အပိုင်း-၁၁)** |
| ၈း၁၀ | "ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ" | ၈း၀၀ | ပြည်တွင်းသတင်း -ချိုမြိန်ရသာမုန့်ကမ္ဘာ **-နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး" (အပိုင်း-၁၄) -အိန္ဒိယရုပ်ရှင် "အချစ်ကိုသိချိန်" (ဇာတ်သိမ်းပိုင်း)** |
| ၈း၃၅ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ) | | |
| ၈း၅၅ | "ရာမညသို့အလည်တစ်ခေါက်" | | |
| ၅း၃၀ | "မီးမီးရဲ့ဆုံးဖြတ်ချက်" | | |

# (ပ)အက္ခရာယာဉ်ဟောင်းများ အပ်နှံပြီးပါက သက်တမ်း(၂၀)ကျော် ယာဉ်ဟောင်းများ လဲလှယ်ပေးမည်

**မန္တလေး ဇွန် ၁၁**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံမှုစီမံချက်အား အဆင့်(၃)ဆင့်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဇွန် ၁ ရက်မှစ၍ (ပ)အက္ခရာယာဉ်ဟောင်းများ လက်ခံဆောင်ရွက်လျက်ရှိပြီး (ပ)အက္ခရာယာဉ်များ ဆက်လက်အပ်နှံပြီးစီးပါက နှစ် ၂၀ ကျော် စာရင်းဝင်မော်တော်ကားဟောင်းများ ဆက်လက်အပ်နှံခြင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခြင်းစီမံချက်အရ ၂၀၁၂ ခုနှစ် မေ ၃၀ ရက်ထိ ယာဉ်ဟောင်း ၅၁၄၇၁ စီး အပ်နှံပြီးဖြစ်သည်။

ယာဉ်အိုယာဉ်ဟောင်းများသည် စက်သုံးဆီပိုမိုသုံးစွဲရခြင်း၊ စက်ကြံ့ခိုင်မှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုဖြစ်ပေါ်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်မှထွက်သော မီးခိုးငွေ့များက သဘာဝပတ်ဝန်းကျင် ညစ်ညမ်းစေခြင်းကြောင့် ယာဉ်မှတ်ပုံတင် သက်တမ်းကြာမြင့်သော ယာဉ်ဟောင်းများအား အစားထိုးလဲလှယ်ခြင်းဖြစ် ကြောင်းသိရသည်။

(၆၅၃)




## အံ့ဖွယ်လူဝင်စားများနှင့် ဘာသာရေးဆောင်းပါးများ



စာရေးဆရာ ခင်ဇ(စက်မှု) ရေးသားထားသော အံ့ဖွယ်လူဝင်စားများနှင့် ဘာသာရေးဆောင်းပါးများ စာအုပ်ကို ပထမအကြိမ်အဖြစ် အလင်းသစ်စာပေတိုက်မှ ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

မြတ်မင်္ဂလာစာစောင်တွင် ရေးသားခဲ့သော ဆောင်းပါးများစုစည်းမှုဖြစ်သည်။ နှစ်ဘဝသိ အံ့ဖွယ်လူဝင်စား၊ အတုယူဖွယ်လူဝင်စား၊ ဂျပန်လူဝင်စား၊ လူဝင်စားစာရေးဆရာကြီးများနှင့် အခြားစိတ်ဝင်စားဖွယ်ရာ အံ့ဖွယ် လူဝင်စားများအကြောင်းကို ရှာရှာဖွေဖွေ ရေးသားထားသည်။ ထို့အပြင် ရာဇာဓိရာဇ်နန်းဦးဘုရား၊ ရွှေဥမင်ဆရာတော်ကြီး၊ အင်ဂျင်နီယာဘဝမှ ရဟန်းဘဝသို့၊ အံ့ချီးဖွယ် ဓမ္မကထိကဖြစ်လာသူ စသည့်မှတ်သားဖွယ်ကောင်းသော ဆောင်းပါးများအပြင် (၁၁) ကြိမ်မြောက် အံ့ဖွယ်ထီပေါက်သူ၊ ဗုဒ္ဓဂယာမှ ရှင်ပြုအလှူ၊ အကြော်ရောင်း၍ ဘုရားတည်သူစသည့် အထူးစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ ပါဝင်သည်။

အလင်းသစ်စာပေ အမှတ်-၁၇၊ အခန်း (၆၀၁) ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၉-၅၄၀၀၃၀၂၊ ၀၉-၈၇၀၃၈၄၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ပျော်ရွှင်ကြည်မွေ့နှင့် လူငယ်ဆိုတာ လန်းရမယ်စာအုပ်များထုတ်ဝေဖြန့်ချိ



စာရေးဆရာချစ်နိုင်(စိတ်ပညာ)ရေးသားသော "ပျော်ရွှင်ကြည်မွေ့"နှင့် "လူငယ်ဆိုတာလန်းရမယ်" စာအုပ်များ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

"ပျော်ရွှင်ကြည်မွေ့" စာအုပ်တွင် စာရေးသူဖြတ်သန်းခဲ့သော ဘဝပုံရိပ်များကို တင်ပြမျှဝေခဲ့သည့် စကားပြေဆောင်းပါးများအား စုစည်းဖော်ပြထားသည်။ နှစ်ပေါင်း ၅၀ မျှ စာပေလေ့လာဆည်းပူးခဲ့သည့် အတွေ့အကြုံနှင့် နှစ်ပေါင်း ၂၀ ကျော် လေ့ကျင့်ရေးသားခဲ့သည့် တတ်မြောက်ကျွမ်းကျင်မှုဖြင့် ထုဆစ်ခဲ့သော အနုပညာလက်ရာများကို ခံစားမှုရသများ ထည့်သွင်းဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် နိုင်စာပေက ထုတ်ဝေထားသည်။

"လူငယ်ဆိုတာလန်းရမယ်" စာအုပ်တွင် စာရေးသူက အသက်အရွယ် (၁၂) နှစ်မှ နှစ်(၃၀)အတွင်း လူငယ် လူရွယ်အားလုံးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ စာနယ်ဇင်းများတွင် အားပေးရေးသားခဲ့သော ပေးစာနှင့် စကားပြောဟန်ဆောင်းပါးတို့ကို ရွေးချယ်စုစည်းကာ ထုတ်ဝေခြင်းဖြစ်၍ လူငယ်လူရွယ်များအတွက် အားမာန်ပြည့်ဝ နှလုံးလှစေသည့် ဖတ်ရှုလေ့လာသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် နိုင်စာပေက ထုတ်ဝေထားသည်။

## လူတိုင်းအတွက် အိမ်ခြံမြေလမ်းညွှန်

စာရေးဆရာ ဇော်မြင့်ဦး (GEOG) United 45 Real Estate ရေးသားထားသော လူတိုင်းအတွက် အိမ်ခြံမြေလမ်းညွှန်(ရောင်းနည်း၊ ဝယ်နည်း၊ ငှားရမ်းနည်း၊ အကျိုးဆောင်နည်း) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

အိမ်ခြံမြေနှင့် ပတ်သက်သည့်လက်တွေ့အသုံးချနိုင်သော အချက်အလက်၊ ဗဟုသုတများပါဝင်ပြီး အိမ်ခြံမြေအကျိုးဆောင်များအပြင် အိမ်ခြံမြေရောင်းဝယ်ငှားသူများပါ လမ်းညွှန်စာအုပ်အဖြစ် လက်ကိုင်ထားနိုင်စေရန် ရည်ရွယ်ရေးသားထားခြင်းဖြစ်သည်။ မရွှေ့ပြောင်းနိုင်သောပစ္စည်း၊ လွတ်လပ်ရေးရပြီး



ဖဆပလအုပ်ချုပ်ရေးခေတ်ကာလ ဒေသန္တရအုပ်ချုပ်ရေးနှင့် မြေယာကဏ္ဍ၊ မြေအမျိုးအစားများ၊ အိမ်ခြံမြေရောင်းချနည်း၊ အိမ်ခြံမြေဝယ်ယူနည်းစာချုပ်စာတမ်းရေးသားချုပ်ဆိုခြင်းနှင့် နမူနာပုံစံများ၊ အိမ်ငှားနည်း၊ ရန်ကုန်မြို့တည်ပုံနှင့် ဂရန်ကိစ္စများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ ဘဏ်မှ ငွေထုတ်ချေးခြင်း၊ နေအိမ်အဆောက်အအုံနှင့်ပတ်သက်၍ သိထားသင့်သော အချက်များပြည့်ပြည့်စုံစုံပါဝင်သည်။

အလင်းသစ်စာပေ အမှတ်-၁၇၊ အခန်း (၆၀၁) ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့်ဖြန့်ချိထားသည်။

**သစ်ပင် စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၉)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဇီဝပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ **၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင်** ဖြေဆိုကြရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

**အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်သည်** ၂၀၁၂ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ **ရန်ကုန်တိုင်းဒေသကြီး ကျောင်းအလိုက် အောင်ချက်အကောင်းဆုံးပထမအဆင့်ရရှိခဲ့ခြင်းနှင့်**

| | |
|---|---|
| ၆ ဘာသာဂုဏ်ထူးရှင် | (၄၀) ဦး |
| ၅ ဘာသာဂုဏ်ထူးရှင် | (၉၃) ဦး |
| ၄ ဘာသာဂုဏ်ထူးရှင် | (၁၆၉) ဦး |
| ၃ ဘာသာဂုဏ်ထူးရှင် | (၈၀) ဦး |
| ၂ ဘာသာဂုဏ်ထူးရှင် | (၆၀) ဦး |
| ၁ ဘာသာဂုဏ်ထူးရှင် | (၅၈) ဦး |

ဖြေဆိုသူ (၇၃၀)ဦး၊ အောင်မြင်သူ (၆၈၁)ဦး၊ ဂုဏ်ထူးရရှိသူပေါင်း (၅၀၀)ဦး

အောင်ချက်ရာခိုင်နှုန်း(၉၃. ၂၉)%ထူးချွန်စွာရရှိခဲ့ခြင်းတို့ကြောင့် စီမံခန့်ခွဲဦးဆောင်လမ်းညွှန်ပေးသည့် ကျောင်းအုပ်ဆရာကြီး ဒေါက်တာအောင်ကိုကို သင်ကြားပေးခဲ့ကြသည့် ဆရာ၊ ဆရာမများ၊ ထူးချွန်စွာဖြေဆိုခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ကူညီပံ့ပိုးပေးခဲ့ကြသည့် မိဘများအား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက(၁)ဒဂုံ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်ရုံး

**Electronic Library (e-Library) ထူထောင်ရန် အဆိုပြုလွှာ (အိတ်ဖွင့်တင်ဒါ) ခေါ်ယူခြင်း**

၁။ နေပြည်တော်ရှိ လွှတ်တော်ဝင်းအတွင်းထားရှိမည့် အဆင့်မြင့်လွှတ်တော်စာကြည့်တိုက်အတွက် e-Library တစ်ခုစတင်ထူထောင်ရန် အောက်ပါအင်္ဂါရပ်များ ပါဝင်သည့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည် -
- (က) Computer Networking အလုံး (၄၀)စာနှင့် Server
- (ခ) လွှတ်တော်ကိုယ်စားလှယ်များအသုံးပြုနိုင်မည့် သင့်တော်သော e-Book, e-Journal, e-Database များ
- (ဂ) နိုင်ငံတကာအဆင့်မီ Library Automation Software
- (ဃ) Library Portal

၂။ လုပ်ငန်းဆောင်ရွက်လိုသည့် ကုမ္ပဏီ/အဖွဲ့အစည်းများသည် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းပမာဏအလိုက် ခန့်မှန်းကုန်ကျငွေစာရင်း ပါဝင်သော အဆိုပြုလွှာကို အောက်ပါလိပ်စာသို့ ၁၉-၆-၂၀၁၂ (အင်္ဂါနေ့) အရောက် နောက်ဆုံးထားပြီး ပေးပို့ရန်ဖြစ်ပါသည်-

ညွှန်ကြားရေးမှူးချုပ်
လွှတ်တော်ရုံး
ရုံးအမှတ် (၂၀)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အထက်ပါလိပ်စာသို့လည်းကောင်း၊ ဖုန်းအမှတ်-၀၆၇-၄၀၉၀၇၅၊ ၀၆၇-၄၀၉၄၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။


ဒုအရာခံဗိုလ် ဝင်းမြင့်ဦး (ငြိမ်း) တည်ထောင်ဖွင့်လှစ်သော
**စစ်သွေး**
ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ
Since-1993
နေပြည်တော် | ရန်ကုန် | မန္တလေး | မုံရွာ | အောင်လံ
**မြို့များတွင် တစ်ပြိုင်တည်းဖွင့်ပြီ**
**ဆက်သွယ်စုံစမ်းရန်ဖုန်း-**
**01-583121, 09-43082855, 09-450041577**





ပြည့်စုံရေးဒေါ်ဆိ
မောင်သွေးချွန်
ထွက်ပြီ

ဦးအောင်နိုင်
[ရွှေတံဆိပ်ဆုရှင်- CPA]
B.Com[Q], CPA, DA [LCCI-UK], FFA [IFA-UK] Fellow of Financial Accountant-UK
LCCI တန်းခွဲသစ်များ June 23 စမည်
သင်တန်းအပ်လက်ခံပြီ

SPECIAL REPORT : Electronic Entertainment Expo (E3)
NetGuidE
IT, Electronics & Communication Journal
5 Minute Guide, Website Index . . .
Vol 2, No.38
Article | News | Collection : Laptop, Related and New Products Reviews
Satire | Mobile – Top 10, Spec Show, Comparison
Vol 2 No. 39 ဆက်သွယ်ရန်ဖုန်းနံပါတ် : 224711
၁၅-၆-၂၀၁၂ (သောကြာနေ့)
email: netguidemyanmar@gmail.com





techspace
Outdoor Nikon DSLR D700
Smart Electronic Dictionary
Toyota Alphard
Techspace Journal
Room (803), Building A3-1, Myanma Gonyi Housing, Mingalar Taung Nyunt Township, Yangon.
email: techspace.mm@gmail.com facebook: www.facebook.com/techspacejournal

To Open Mind and Knowledge of Society
MYANMAR NEWSWEEK JOURNAL
LL.B.
01-394727, 01-394426

မြင့်မြတ် မျက်မှန် Design (41)
Who's It for?
2012 Design
Colour နှင့် Frame
| PK | BE | TI | OL | RE | SI | BL | PU |
|---|---|---|---|---|---|---|---|
| PINK | BEIGE | TITAN | OLIVE | RED | SILVER | BLUE | PURPLE |

(CR-39 Organic Lens)
Distance ၂၅၀၀၀/-
BI Focal ၂၈၀၀၀/-
Multical Focal ၃၈၀၀၀/-
Who's it for?
မြင့်မြတ်


# Myanmar Noble College
**ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း**

၁။ Foundation/ Pre-Foundation
- (က) Civil Engineering (Construction & Built Environment)
- (ခ) Electrical Power / Electronic Engineering
- (ဂ) Mechanical Engineering
- (ဃ) Business
- (င) Computing

၂။ Foundation (၅)လ Myanmar Noble College HND Diploma HND

၃။ Pre-Foundation( ၅ ) Foundation ( ၅ ) HND

၄။

ကျောင်းသားရေးရာဌာန - Myanmar Noble College


အဆင့်မြင့် Condo ရောင်းမည်။
Strand Condo View 3MBR/1BR Sqf Lobby
Ph-09-8622237,09-73210059

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးသက်နိုင်(ဘ)ဦးကျင်လှိုင် KPW-၀၅၅၃၁၆ ၏ နိုင်ငံကူးလက်မှတ် M-535727 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

Myanmar Tourism Services Co., Ltd. (MTS)

မာရသွန်
LCCI Level I, II & III
EPS TOPIK
ဦးကော်နင်အောင်
B.A (Korea) UFL


အမည်ပြောင်းခြင်း
ဦးရှိန်ဝင်းသိပ၏ သားနှင့်သမီးဖြစ်သော အထက(၁)ဒဂုံ စတုတ္ထတန်း(A)မှ မမေသူညွှန့်အား မမေသူညွှန့်ဟု လည်းကောင်း၊ အထက(၁)ဒဂုံ သုဒ္ဓတန်း(A)မှ မောင်မင်းသူရှိန်အား မောင်မင်းသူသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မမေသူသွင်**
**မောင်မင်းသူသွင်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကလောမြို့နယ်ရှိ ပင်မဓာတ်အားခွဲရုံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၁**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ်ရှိ ၁၃၂/၃၃/၁၁ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Building အတွင်း Batery Room၊ Switch Gear Room၊ Switch Yard နှင့် အသစ်ထပ်မံတိုးချဲ့တည်ဆောက်လျက်ရှိသော ၃၃/၁၁ ကေဗွီ (၅)အမ်ဗွီအေ (၃၃)ကေဗွီ နောင်တရားလိုင်း Switch Bayတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဓာတ်အားဖြန့်ဖြူးရာတွင် ဓာတ်အားခွဲရုံများသည် အရေးကြီးသောဌာနဖြစ်သဖြင့် ဓာတ်အားစနစ်တကျ ထိန်းချုပ်ကွပ်ကဲ၍ ပြည်သူလူထုထံသို့ ဓာတ်အားများ စနစ်တကျဖြန့်ဖြူးပေးနိုင်ရေး၊ ဝန်ထမ်းများ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကလောမြို့နယ်ရှိ ၁၃၂/၃၃/၁၁ ကေဗွီ ကလောပင်မဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ရခိုင်ပြည်နယ်အတွင်း နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော ဒေသခံပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးနှင့် ပစ္စည်းများ ပါဝင်လှူဒါန်းကြပါရန် အသိပေးနှိုးဆော်ချက်

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားပေါ်ပေါက်ခဲ့သော အခြေအနေအရပ်ရပ်ကြောင့် ဒေသခံပြည်သူများ၏ နေအိမ်များ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။ ထိုသို့ ပျက်စီးဆုံးရှုံးနစ်နာခဲ့ရသော ဒေသခံပြည်သူများ လတ်တလော ရပ်တည်နိုင်ရေးအတွက် ကယ်ဆယ်ရေးစခန်း ခြောက်ခုဖွင့်လှစ်ပြီး စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး လိုအပ်ချက်များကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ဒေသခံပြည်သူများအတွက် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဖြည့်ဆည်းထူထောင်ဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိရာ နိုင်ငံတော်က အစီအမံများချမှတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့ လတ်တလောရပ်တည်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုအဖွဲ့အစည်းများ၊ NGO နှင့် INGO များအနေဖြင့်လည်း အစားအသောက်၊ အဝတ်အထည်၊ ငွေကြေး၊ အခြားပစ္စည်း စသည်များကို ဆန္ဒအလျောက် ပူးပေါင်းပါဝင်လှူဒါန်းကြပါရန် နှိုးဆော်ဖိတ်ခေါ်အပ်ပါသည်။

လှူဒါန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်-

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
- (၁) ညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန၊ ဖုန်း-၀၁-၆၅၀၃၅၁
- (၂) ဦးဝင်းထွန်းဦး၊ ညွှန်ကြားရေးမှူး (စီမံ)၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၄၃၁၆
- (၃) ဦးသိန်းဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရန်ကုန်မြို့ ၊ ဖုန်း-၀၁-၅၂၂၇၂၆

(ခ) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ

ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များအနေဖြင့် လှူဒါန်းသည့် ငွေကြေး၊ ပစ္စည်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များထံသို့ ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းခြောက်ခုအတွက် ဆန်၊ ဆီနှင့် ဆားများ ပေးပို့လှူဒါန်း

**နေပြည်တော် ဇွန် ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့၊ ဘူးသီးတောင်မြို့နှင့် စစ်တွေမြို့နယ်များတွင် ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် ဆူပူအကြမ်းဖက်မှုများကြောင့် နေအိမ်များ မီးလောင်ဆုံးရှုံးပြီး လတ်တလောဒုက္ခနှင့်ရင်ဆိုင်နေကြရသည့် ဒေသခံပြည်သူများအတွက် မောင်တောမြို့တွင် ပရဟိတကျောင်း၊ အောင်မြေဗောဓိကျောင်း၊ ဗဟိုကျောင်း၊ အလယ်သံကျော်၊ ရဲတပ်ရင်း(၂) တို့၌ လည်းကောင်း၊ ဘူးသီးတောင်မြို့တွင် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌လည်းကောင်း စုစုပေါင်း ကယ်ဆယ်ရေးစခန်းခြောက်ခုဖွင့်လှစ်ပြီး ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကယ်ဆယ်ရေးစခန်းခြောက်ခု၌ ရောက်ရှိနေကြသည့် ဒုက္ခသည်အရေအတွက်မှာ အိမ်ထောင်စု ၉၄၂ စု စုစုပေါင်း လူဦးရေ ၄၁၅၄ ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဒုက္ခသည်စခန်းများအတွက် ဇွန် ၁၀ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စုစုပေါင်း ဆန် ၁၅၉ အိတ်၊ ဆီ ၁၆၅ ပိဿာနှင့် ဆား ၁၆၅ ပိဿာ ပေးပို့လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

*အင်တာနက် သိပ္ပံသတင်း ➢➢ ဘာသာပြန် - တက်လူ*

# အလွန်မာကျောသော ပလတ်စတစ် သတ္တုကို အစားထိုးအသုံးပြုနိုင်မည်

**အလွန်မာကျောသော ပလတ်စတစ်ကို ထုတ်လုပ်နိုင်ခြင်းဖြင့် သတ္တုကို အစားထိုးလာနိုင်မည်ဖြစ်သည်။**



**တဲလ်အဗစ် ဇွန် ၁၁**

အစ္စရေး သုတေသီများသည် သတ္တုကဲ့သို့ အလွန်မာကျောပြီး အလွယ်တကူ ပျက်စီးနိုင်ခြင်းမရှိသော ပလတ်စတစ်တစ်မျိုးကို တီထွင်ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်လျက်ရှိကြောင်း အစ္စရေး သတင်းဌာနများက ဇွန် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

နေ့စဉ်သုံး ထုတ်ကုန်ပစ္စည်းများ၌ အသုံးပြုသော သတ္တုပစ္စည်းများနှင့် သံမဏိပစ္စည်းများကို အလွန်မာကျောသော ပလတ်စတစ်တစ်မျိုးဖြင့် အစားထိုးအသုံးပြုနိုင်ရန် အစ္စရေးနိုင်ငံ တဲလ်အဗစ် တက္ကသိုလ်မှ ဓာတုဗေဒ ပါမောက္ခ မိုရှေခိုးလ်က သုတေသန ပြုလုပ်လျက်ရှိသည်။

အလွန်မာကျောသော ပလတ်စတစ်ကို တီထွင်ထုတ်လုပ်နိုင်ခြင်းဖြင့် အနာဂတ်ကာလတွင် ယင်းပလတ်စတစ်ကို စက်မှုလုပ်ငန်းအများအပြား၌ အသုံးပြုလာနိုင်မည်ဟု မျှော်လင့်ရသည်။

အလွန်မာကျောသော ပလတ်စတစ်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းကို အထောက်အကူ ပေးနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွင်း စွမ်းအင်သုံးစွဲမှု နည်းပါး **စာမျက်နှာ ၇ ကော်လံ ၅ သို့** ❍

*အင်တာနက် ကျန်းမာရေးသတင်း ➢➢ ဘာသာပြန် - ဒေါက်တာသာစိန်*




# ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော ကင်ဆာရောဂါ

ကမ္ဘာပေါ်တွင် ကင်ဆာရောဂါဖြစ်ပွားသူအရေအတွက်သည် လာမည့် ၂၀၃၀ ပြည့်နှစ်တွင် ၇၅ ရာခိုင်နှုန်းကျော် မြင့်တက်လာမည်ဖြစ်ပြီး အများစုမှာ ဆင်းရဲသောနိုင်ငံများမှဖြစ်ကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ ကျန်းမာရေးနှင့် မလျော်ညီသည့် အနောက်တိုင်းလူနေမှုဘဝပုံစံများကြောင့်ဖြစ်ကြောင်း ဇွန် ၈ ရက်က ထုတ်ပြန်သော လေ့လာဆန်းစစ်မှုတစ်ရပ်က ဆိုသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အပြည်ပြည်ဆိုင်ရာ ကင်ဆာသုတေသနဌာနမှ ပြုလုပ်သော ယင်းလေ့လာဆန်းစစ်မှုအရ လူနေမှုအဆင့်အတန်းမြင့်မားလာမည့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ထိုအဆင့်မြင့်လူနေမှုစနစ်နှင့်အတူ အရည်အသွေးညံ့သောအစားအစာ၊ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းကင်းမဲ့မှုနှင့် ခန္ဓာကိုယ်ဝမှုအပေါ် စည်းစိမ်ယူတတ်သည့် အလေ့အထများကြောင့် ရင်သားကင်ဆာ၊ ဆီးကျိတ်ကင်ဆာနှင့် အူမကြီးကင်ဆာများ ပို၍ခံစားကြရမည်ဖြစ်ကြောင်း **(အပေါ်ပုံ)**၊ ကင်ဆာရောဂါသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ကျယ်ပြန့်စွာ ဖြစ်ပွားခဲ့ပြီးသော်လည်း လာမည့်ဆယ်စုနှစ်များ၌ ကမ္ဘာပေါ်ရှိ ဒေသအနှံ့အပြားသို့ရောက်ရှိကာ လူသားများကို နှိပ်စက်ကလူ ပြုနေဦးမည်ဖြစ်ကြောင်း ဆိုသည်။ **စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆